ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်၊ တနင်္ဂနွေနေ့၊ (6-2-2011) (၆၆၆၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် ကာကွယ်ထိန်းသိမ်းကြရမည်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ရေးအတွက် မကြိုစဖူးထူးကဲစွာ ရရှိပြီးဖြစ်သော တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို နိုင်ငံသူ နိုင်ငံသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် ကာကွယ်ထိန်းသိမ်းကြရမည့် တာဝန်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

ပေ ၁၈၀ နှင့်အထက် တံတား ၂၅ စင်းမြောက် ဒေါင်းနေချောင်းတံတား ဖွင့်ပွဲအခမ်းအနားကျင်းပ

တံတားကြီး တည်ဆောက်ပြီးစီးသွားသည့်အတွက် မကွေးတိုင်းဒေသကြီး မကွေးမြို့မှ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးသို့ ရာသီမရွေး၊ အချိန်အခါမရွေး သွားလာနိုင်တော့မည်

နေပြည်တော် ဖေဖော်ဝါရီ ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁၄)က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ရန်ကုန်-ပြည်-မကွေး-မန္တလေး လမ်းပေါ်ရှိ ၂၅ စင်းမြောက် ဒေါင်းနေချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာနှင့်ပန်းဖွားအကအဖွဲ့၊ မင်္ဂလာစည်တော်အကအဖွဲ့၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် ဝန်ကြီးက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့် တိုင်းဒေသကြီး ဥက္ကဋ္ဌတို့သည် တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဥက္ကဋ္ဌ၊ နယ်မြေခံတပ်နယ်မှူးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းတို့က ဒေါင်းနေချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဝန်ကြီးက ဒေါင်းနေချောင်းတံတား ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

မကွေးမြို့နယ် ရန်ကုန်-ပြည်-မကွေး-မန္တလေး လမ်းပေါ်ရှိ ၂၅ စင်းမြောက် ဒေါင်းနေချောင်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

၆-၂-၂၀၁၁
(တနင်္ဂနွေနေ့)

မြန်မာနိုင်ငံ၏ အခြေအနေမှန် ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ရှုမြင်

လူ့အခွင့်အရေးကောင်စီ၏ (၁၀)ကြိမ်မြောက် ဆွေးနွေးပွဲကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ ကျင်းပခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသည် လူ့အခွင့်အရေးကောင်စီ၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၉၂ နိုင်ငံလုံး၏ လူ့အခွင့်အရေးဆိုင်ရာ အကောင်အထည်ဖော်မှုအခြေအနေများကို လေးနှစ်တစ်ကြိမ် ဆွေးနွေးသုံးသပ်ခြင်းဖြစ်သည်။

နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ဝေဖန်တိုက်ခိုက်မှု ပြုလုပ်ခြင်းမဟုတ်ဘဲ ကာယကံရှင်နိုင်ငံက မိမိနိုင်ငံတွင် ဖော်ဆောင်နေသည့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကိုတင်ပြပြီး အဖွဲ့ဝင်နိုင်ငံများက ပါဝင်ဆွေးနွေးခြင်း၊ အကြံပြုခြင်းတို့ ပြုလုပ်သည့် လုပ်ငန်းစဉ်ဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များကို ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ အခြေခံဥပဒေတွင် နိုင်ငံသားများ၏မူလအခွင့်အရေးများနှင့်စပ်လျဉ်း၍ သီးခြားအခန်းဖြင့် ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်များသည် အခြားနိုင်ငံများ၏ အခြေခံဥပဒေများတွင်ပါရှိသည့် ဒီမိုကရေစီစံနှုန်းများ၊ လူ့အခွင့်အရေးစံများနှင့် ထပ်တူပင်ဖြစ်သည်။ အခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများရရှိခံစားနိုင်စေရန် လိုအပ်သည့် စာချွန်တော်ငါးခု ထုတ်ဆင့်ခွင့်များကို တရားရုံးများသို့ အပ်နှင်းထားပြီးဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံတွင် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် အဆင့်ဆင့်ကို ကျင်းပလျက်ရှိသည်။ လွှတ်တော်အစည်းအဝေးများမှ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအဖွဲ့များ ပေါ်ထွန်းလာပေတော့မည်။ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု၏အစဖြစ်သည်။ ဒီမိုကရေစီဖော်ဆောင်မှု လုပ်ငန်းစဉ်များကို နိုင်ငံ၏ပကတိအရှိတရားများအပေါ် အခြေခံ၍ တစ်ဆင့်ပြီးတစ်ဆင့် ဖော်ဆောင်နိုင်ပေတော့မည်။ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို အနှစ်သာရရှိရှိ ကျင့်သုံးနိုင်တော့မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများကို နိုင်ငံတကာအသိုက်အဝန်းက နားလည်မှုလွဲမှားနေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ။ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် ယင်းတို့ကို ထောက်ခံနေသည့် နိုင်ငံကြီးအချို့၏ ပုံကြီးချဲ့သတင်းများ၊ မမှန်မကန်စွပ်စွဲချက်များကြောင့်ပင် ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများကို အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ လူ့အခွင့်အရေးကောင်စီ၏ (၁၀)ကြိမ်မြောက်ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများကို တင်ပြခဲ့ရာ ဆွေးနွေးပွဲတက်ရောက်သည့် ၅၇ နိုင်ငံက မြန်မာနိုင်ငံ၏ အပြုသဘောဆောင် ဖြစ်ပေါ်တိုးတက်မှုများကို အသိအမှတ်ပြုကြသည်။ မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များကို နိုင်ငံတကာက ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ရှုမြင်လာနိုင်ကြမည် ဖြစ်ပါသည်။ ။

သင်တန်းတက်ရန် ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၅

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဖေဖော်ဝါရီ ၄ ရက်မှ ဧပြီ ၂ ရက်အထိ ဖွင့်လှစ်မည့် Proficiency In Spoken English သင်တန်းသို့ တက်ရောက်ရန်အတွက် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သဲနုဝင်းသည် ဖေဖော်ဝါရီ ၁ ရက်က လေကြောင်းခရီးဖြင့် အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

(အောက်ပုံ) (ကြေးမုံ)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက်မမေ့နှင့်

ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တန့်ယန်းမြို့နယ် နားတပ်ကျေးရွာ ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် တန့်ယန်းမြို့နယ် ဝိန်းမိုင် ကျေးရွာအုပ်စု နားတပ်ကျေးရွာ ပညာ့အလင်းစာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျေးရွာစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးညီညီလတ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းထွန်းကျော်နှင့် ဝိန်းမိုင်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးပူလွယ်စောတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အခမ်းအနားကိုဆက်လက်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်းအစီအစဉ်ကိုကျင်းပရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြို့နယ်အင်ဂျင်နီယာ ဦးသူရဇော်က အလှူငွေကျပ် ငါးသောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး၊ အမှတ်(၄)ရပ်ကွက်ဥက္ကဋ္ဌနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က သုတရသ စာအုပ်များနှင့် ဂျာနယ်မျိုးစုံတို့ကို စာကြည့်တိုက်မှူး ဦးရဲထွန်းထံ ပေးအပ်လှူဒါန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ နားတပ်ကျေးရွာစာကြည့်တိုက်အဆောက်အအုံမှာ အကျယ် ၂၄ ပေ၊ အနံ ၁၈ ပေရှိ တစ်ထပ်သွပ်မိုး နံကပ်အဆောက်အအုံဖြစ်သည်။ နိုင်ငံတော်မတည်ငွေ၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေတို့ဖြင့် ငွေကျပ် ၁၈ သိန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

MBA သင်တန်းသား၊ သင်တန်းသူများ မိတ်ဆုံစားပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

Myanmar Professional Development Centre က ကြီးမှူး၍ ရန်ကုန်မြို့၌ဖွင့်လှစ်ထားသော ထိုင်းနိုင်ငံ Assumption University ၏ စီးပွားစီမံခန့်ခွဲရေးမဟာဘွဲ့ Master of Business Administration (MBA) သင်တန်းမှ ပထမအကြိမ်နှင့် ဒုတိယအကြိမ် သင်တန်းသား၊ သင်တန်းသူများ၏ မိတ်ဆုံစားပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် ညနေ ၆နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် မြက်ခင်းပြင်၌ ကျင်းပသည်။

ရှေးဦးစွာ ထိုင်းနိုင်ငံ Assumption University မှ MBA Program Director, Dr. Ismail Ali Siad နှင့် MBA Director, Mr. Mo Di တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

(အပေါ်ပုံ)

ထို့နောက် သင်တန်းသား၊ သင်တန်းသူများက တေးသီချင်း၊ အငြိမ့်တို့ဖြင့် ဖျော်ဖြေကြပြီး Myanmar Professional Development Centre မန်နေဂျင်းဒါရိုက်တာဒေါ်ယဉ်ဝင်းသူက ကျေးဇူးတင်စကား ပြောကြားသည်။

ထိုင်းနိုင်ငံ Assumption University တွင် ဖွင့်လှစ်သည့် Master of Business Administration (MBA) သင်တန်းကို ၂၀၁၀ခုနှစ် စက်တင်ဘာမှ စတင်၍ ရန်ကုန်မြို့ မြန်မာအင်ဖိုတက်ခ်ရှိ Myanmar Professional Development Centre ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်တန်းအောင်မြင်ပါက Assumption University တွင် နှစ်ပတ်ကြာ ပြုလုပ်မည့်အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်၍ ဘွဲ့ယူနိုင်သည်။

ဆက်သွယ်မေးမြန်းနိုင်

Myanmar Professional Development Centre နှင့် Assumption University တို့ပူးပေါင်း၍ အခြားစီးပွားစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများကိုလည်း ယခုနှစ်အတွင်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည်။ အသေးစိတ် အချက်အလက်များကို လှိုင်နယ်မြေ မြန်မာအင်ဖိုတက်ခ်အဆောက်အအုံ အခန်း(၁)အဆောင်(၄)ရှိ Myanmar Professional Development Centre ဖုန်း-၅၀၇၀၄၃နှင့် ၅၀၇၀၄၇ တို့သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပုလဲမြို့နယ် လဲကန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို ပုလဲမြို့နယ် လဲကန်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၅

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပုလဲမြို့နယ် လဲကန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ မြို့နယ်ပညာရေးမှူး ဦးထိန်မင်း၊ ကျောင်းအုပ်ဆရာကြီး ဦးမြင့်သိန်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသန်းဝင်းတို့က လဲကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးထိန်မင်းက ပညာရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးမြင့်သိန်းက သင်ကြားမှု သင်ယူမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် ကျောင်းဆောင်သစ်အလှူရှင်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက် အလှူရှင် ဦးဌေးလွင်က ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံသည်။ ကျောင်းဆောင်သစ်မှာ ပေ ၁၂၀ × ၃၀ ရှိပြီး သွပ်မိုး၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း တစ်ထပ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း ဆင့်ပွားသင်တန်း သရက်မြို့၌ ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၅

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့၌ မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း(မြို့နယ်အဆင့်)ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးသန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးမှူး ဦးကျော်ကျော်နိုင်က ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှ သင်တန်းသား ၂၂ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ဒေါင်းနေချောင်းတံတား အမျိုးအစားမှာ အပေါ်ထည် ကြိုတင်အားဖြည့် သံကူကွန်ကရစ်၊ အောက်ထည် သံကူကွန်ကရစ်နှင့် အုတ်မြစ်ကို သံကူကွန်ကရစ် လွန်တူးပိုင်ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်း တံတား အရှည် ၁၇၈၅ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွား၊ လူသွားလမ်း တစ်ဖက်လျှင် ၂ ပေ ၅ လက်မစီရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ယခုဖွင့်လှစ်သည့် ဒေါင်းနေချောင်းတံတားမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကတာဝန်ယူ တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက် တံတား ၂၅၅ စင်းမြောက်ဖြစ်ပြီး မကွေးတိုင်းဒေသကြီးအနေဖြင့် ၂၁ စင်းမြောက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် တံတားဖြစ်သည်။

ယခင် ဒေါင်းနေချောင်းတံတား မတည်ဆောက်မီက တံတားလုံးဝမရှိဘဲ ချောင်းအတွင်းမှ ကားများ ဖြတ်သန်းသွားလာရပြီး မိုးရာသီချောင်းရေကျနေချိန်တွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာရန် အခက်အခဲရှိကာ ရေနည်းပါးချိန်အထိ စောင့်ဆိုင်းရသည့်အတွက် အချိန်ကုန် လူပန်း၊ ခရီးစဉ်များနှောင့်နှေးကြန့်ကြာခဲ့ရသည်။ ယခု ဤတံတားကြီးတည်ဆောက်ပြီးစီးသွားသည့်အတွက် မကွေးတိုင်းဒေသကြီး မကွေးမြို့မှ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ရှိရာ ပုဂံညောင်ဦးဒေသသို့ လည်းကောင်း၊ မြင်းခြံ-နွားထိုးကြီးလမ်းမှ တစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်းကိုဖြတ်ပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော်သို့ လည်းကောင်း၊ မကွေး-မင်းဘူး-အမ်းလမ်းမှတစ်ဆင့် ရခိုင်ပြည်နယ်သို့ လည်းကောင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးသို့ ရာသီမရွေး အချိန်အခါမရွေး သွားလာနိုင်တော့မည်ဖြစ်သကဲ့သို့ ဒေသထွက်ကုန်များကိုလည်း ပိုမိုမြန်ဆန်စွာဖြင့် ပို့ဆောင်ကုန်သွယ်နိုင်တော့မည်ဖြစ်ရာ ဤဒေသရှိ ပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် အဖွဲ့ဝင်များ ဒေါင်းနေချောင်းတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

စက်ခလုတ်နှိပ် ဖွင့်လှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ဒေါင်းနေချောင်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အမှတ်(၃) သတ္တုတွင်းလုပ်ငန်းနှင့် ထူးအပြည်ပြည်ဆိုင်ရာ စက်မှုလုပ်ငန်းစုကုမ္ပဏီတို့ ကျောက်မီးသွေးအကြီးစားတူးဖော်ထုတ်လုပ်ရန် သဘောတူစာချုပ် ချုပ်ဆို

နေပြည်တော် ဖေဖော်ဝါရီ ၅

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်းနှင့် ထူးအပြည်ပြည်ဆိုင်ရာ စက်မှုလုပ်ငန်းစုကုမ္ပဏီလီမိတက်တို့၏ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် သစ်ချောက်ဒေသနှင့် လဘင်ချောင်းဒေသတို့၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် ကျောက်မီးသွေးအကြီးစားတူးဖော်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်က ကျောက်မီးသွေးအကြီးစားတူးဖော်ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ထူးအပြည်ပြည်ဆိုင်ရာစက်မှုလုပ်ငန်းစုကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးသီဟက ကျေးဇူးတင်စကား ပြောကြားပြီး ထူးအပြည်ပြည်ဆိုင်ရာ စက်မှုလုပ်ငန်းစုကုမ္ပဏီလီမိတက်နှင့် အမှတ်(၃)သတ္တုတွင်းလုပ်ငန်းတို့ လုပ်ငန်းသဘောတူစာချုပ်ကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်နှင့် ဒုတိယဥက္ကဋ္ဌ ဦးသီဟတို့သည် ဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ ရှေ့မှောက်၌ လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

ခွင့်ပြုမိန့်ပေးအပ်

ထို့နောက် ဝန်ကြီး ဦးအုန်းမြင့်က ခွင့်ပြုမိန့်ကို ဒုတိယဥက္ကဋ္ဌ ဦးသီဟအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

LIFESTYLES EXPO -2011 ပြပွဲတွင် Maruart ရောင်စုံကြမ်းခင်းများ ပါဝင်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၅

Maruart ၂၁ရာစု၏ ခေတ်မီ ကိုရီးယားလာမီနိတ် ရောင်စုံကြမ်းခင်းများနှင့် နံရံကပ်ရေစိုခံ ရောင်စုံ Shin Han Vinly Wallpaper များ ပြခန်းသည် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက်အထိ ခင်းကျင်းပြသနေသော LIFESTYLES EXPO-2011 ပြပွဲတွင် ပါဝင်ပြသသည်။

ကိုရီးယားနိုင်ငံမှ ပြုလုပ်သော လာမီနိတ် ရောင်စုံကြမ်းခင်းများဖြင့် ရုံးခန်း၊ အိမ်ခန်း၊ စတိုးဆိုင်နှင့် မီနီမတ်များ၊ ဟိုတယ်များ၊ စာသင်ခန်းတို့ကို သေသပ်လှပ ခေတ်မီခံ့ညားစေရန်နှင့် စိတ်ချမ်းသာပျော်ရွှင်ချမ်းမြေ့မှုကို အပြည့်အဝ ဖန်တီးပေးနေပြီး ဆန်ခါတင်၊ အစိုဓာတ်ထိန်းပေးသော အောက်ခံဖော့ပြား၊ အခန်းခြေကျော်များကို အခမဲ့တပ်ဆင်ပေးပြီး Maruart Laminate Flooring ကို ကြမ်းခင်းအဖြစ်သာမက နံရံတွင်လည်း တွဲဖက်အလှဆင်နိုင်သည်။

အရောင်ဒီဇိုင်းမျိုးစုံ ကြမ်းခင်းများသည် အပူဒဏ်ခံနိုင်ပြီး ခြစ်ရာ စင်းရာမထင်နိုင်ခြင်းအပြင် သိပ်သည်းဆ မြင့်မားသည့်အတွက် လေးလံသည့် ဝန်ဒဏ်ခံနိုင်သည်။ ၎င်းအပြင် အပြောင်းအရွှေ့ပြုလုပ်ရာတွင် ပျက်စီးမှုမရှိဘဲ ဖြုတ်ယူနိုင်ခြင်း၊ Bioceremic အပေါ်လွှာ ဖုံးအုပ်ထားပြီး အနီအောက် ရောင်ခြည်ထုတ်လုပ်မှု တိုးမြှင့်ပေးသည့်အတွက် ကလေး လူကြီးမရွေး ကျန်းမာရေးအတွက် အထူးသင့်လျော်သည်။

ကိုရီးယားလာမီနိတ် ရောင်စုံကြမ်းခင်းများနှင့် နံရံကပ်ရေစိုခံ Shin Han Vinyl Wallpaper များကို အာမခံဖြင့် အလုပ်အပ်နှံရာ နေရာအရောက် တပ်ဆင်ပေးသည်။ ဆက်သွယ်ရန်မှာ အမှတ်(၂) အောင်သုခလမ်း ကိုးမိုင် (အိုးရှင်းစူပါမားကက်အနီး) မရမ်းကုန်းမြို့နယ် ဖုန်း-၇၀၁၄၇၈၊ ၀၉-၅၀၀၉၅၂၃၊ အမှတ်(၁၇၈)(၇)လွှာ ဗညားဒလလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၂၉၃၀၁၂၊ ၀၉-၅၄၁၁ ၆၅နှင့် အမှတ်(၂၉) ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၀၅၈၉၊ ၃၈၀၀၇၃နှင့် Web:http//www.gsi.myanmar.com တို့သို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

Maruart ၂၁ရာစု၏ ခေတ်မီ ကိုရီးယားလာမီနိတ် ရောင်စုံကြမ်းခင်းများနှင့် နံရံကပ်ရေစိုခံ ရောင်စုံ Shin Han Vinly Wallpaper များ ပြခန်း LIFESTYLES EXPO-2011 ပြပွဲတွင် ပါဝင်ပြသစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၂-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ခုဒ္ဒကပါဌ"တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၆)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၃)**
- ၈း၃၅ လပြည့်ဝန်းသို့တမ်းချင်းည Live Show(Part-7)
- ၉း၁၅ မင်းလှမြို့နယ်အသင်း(ရန်ကုန်)၏ (၄၈)ကြိမ်မြောက်အသင်းတည်ထောင်ခြင်းရွှေရတုနှစ်ပတ်လည် အခမ်းအနား
- ၉း၂၅ ပညာအလင်းနှင့်ယုံကြည်မှုတို့ အပ်နှင်းရာ. . . ပြင်ဦးလွင်စိုးစံမှာ
- ၉း၄၀ Sunday Talk (မျိုးမြတ်သူ၊ တယောဦးတင်ရီ)
- ၁၀း၁၅ သုံးစွဲသူများ ပီတိဖြစ်စေမည့် "Delight Trading"
- ၁၀း၂၅ ရေသန့်ဆိုသည်မှာ. . .
- ၁၀း၄၀ ဗီဒီယိုပြခန်း
- ၁၁း၀၀ ဈေးဝယ်လမ်းညွှန် (ရွှေနဂါးဖိနပ်ဆိုင်)
- ၁၁း၃၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "ဟော့ရှော့-၃"
- ၁၂း၀၅ Sports Diary
- ၁၂း၃၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ကိုတင်လှိုင်၏ဒုတိယတေးတွဲ)
- ၁း၀၀ "ခုဒ္ဒကပါဌ"တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (လျှို့ဝှက်တာကောင်းတယ်၊ မလျှို့ဝှက်တာကောင်းတယ်)
- ၃း၃၅ Kid's Show
- ၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၃)**
- ၄း၅၅ အစွမ်းထက်မြက်. . . မြန်မာ့ဆေးစွမ်းတစ်လက်
- ၅း၁၅ FMF Selection
- ၅း၄၅ ကြည်ညိုသဒ္ဓါပွား ဝိဇာတမင်္ဂလာအခမ်းအနား (ဓမ္မဒူတတောရသာသနာ့ရိပ်သာ)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၇)**
- ၇း၂၅ လပြည့်ဝန်းသို့တမ်းချင်းည Live Show(Part-8)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ပြုံးပျော်ကျန်းမာကလေးတို့ကမ္ဘာ
- ၉း၁၀ သွားမယ်စားမယ်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၄)**
- ၁၀း၁၀ ပန်းချီပြခန်း (SPECTRUM)
- ၁၀း၂၅ Barclays Premier League (Chelsea Vs Liverpool)
- ၁၂း၂၅ ဟိုတယ်လမ်းညွှန် (နန်းမြိုင်ဟိုတယ်)
- ၁၂း၄၀ အနာကြီးရောဂါအကြောင်း သိကောင်းစရာ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာကျော်ကျော်)
- ၁း၀၅ SINGAPORE SUNDAY
- ၁း၂၀ ရလဒ်ကောင်းများနှင့် Organic
- ၁း၃၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမေမြတ်ဝါဆိုနှင့် တွေ့ဆုံခြင်း)
- ၁း၅၅ လှမ်းခဲ့ပါဆွေ "မနောမြေ"
- ၂း၀၅ ရောင်စုံရသနီယွန်ည
- ၂း၄၀ မေတ္တာရေအမြင်တင့်လေသည့် ရွှေကြာ (ထွန်းထွန်း၊ မြတ်ကေသီအောင်၊ စိုးပြည့်သဇင်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၂း၅၅ ဒို့တိုင်းဌာနီ ဧရာဝတီ (ဧရာဝတီတိုင်း၏ ဆီထွက်သီးနှံပင်များ)
- ၃း၃၀ တိရစ္ဆာန်လေးတွေမွေးကြမယ် (Dog Pet Shop)
- ၃း၅၀ လမ်းညွှန်ပေးစက် GPS
- ၄း၀၅ မိုးကုတ်မြို့မှ ရိုးရာအစားအစာများနှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
- ၄း၄၅ သတင်းပေးလို့ဖော် တောင်ငူ ပဲကြော်၊ ပဲလှော်
- ၄း၅၀ လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၇း၅၅	West Ham	-	Birmingham	ESPN (Live)
၁၀း၂၅	Chelsea	-	Liverpool	ESPN (Live)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအား ရွေးချယ်တင်မြှောက်မှုများအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကြိုဆိုဂုဏ်ပြု

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ သမ္မတနှင့် ဒုတိယသမ္မတများအား ရွေးချယ်တင်မြှောက်မှုသည် အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအတွက် အရေးကြီးသော အခွင့်အလမ်းအခါအခွင့်ကို ဖော်ညွှန်းကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ ပြောကြားချက်ကို ကိုးကားလျက် ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟတ်က သတင်းထောက်များအား ပြောကြားသည်။

မကြာသေးမီက ခေါ်ယူခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်ထောင်စုလွှတ်တော်သည် ဦးသိန်းစိန်အား သမ္မတအဖြစ်လည်းကောင်း၊ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း(ခ)မောင်အုန်းတို့အား ဒုတိယသမ္မတများအဖြစ်လည်းကောင်း ဖေဖော်ဝါရီ ၄ ရက်က ရွေးချယ်တင်မြှောက်ခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေဖြင့် ဤရွေးချယ်တင်မြှောက်မှုကို မြန်မာနိုင်ငံ၌ လက်ရှိဖြစ်ပေါ်နေသော အခြေအနေ၏ ပြောင်းလဲမှုကနဦးအစအဖြစ် မျှော်လင့်ထားကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်ဟုလည်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အရွေးချယ်ခံသမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရအသစ်ကို ဖွဲ့စည်းတော့မည်ဟု ခန့်မှန်းရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အသစ်ရွေးချယ်တင်မြှောက်ခြင်းခံရသော မြန်မာခေါင်းဆောင်များထံသို့ တရုတ်ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

ပေကျင်း ဖေဖော်ဝါရီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအသစ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ဟူကျင်ထောင်းက ဖေဖော်ဝါရီ ၄ ရက်တွင် ပေးပို့ခဲ့သည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ ရှီကျင့်ဖျင်ကလည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း(ခ) မောင်အုန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်ထောင်စုလွှတ်တော်က ဖေဖော်ဝါရီ ၄ရက် သောကြာနေ့တွင် ဒုတိယသမ္မတ သုံးဦးအနက် ဦးသိန်းစိန်အား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ယဲလိုးစတုန်း အမျိုးသားဥယျာဉ်မှ ကျွဲရိုင်းများ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမည့် အန္တရာယ်ရှိနေ

ဟယ်လီနာ(မွန်တားနား) ဖေဖော်ဝါရီ ၅

အမေရိကန်နိုင်ငံရှိ သက်တမ်းအရင့်ဆုံးနှင့် အကြီးဆုံးအမျိုးသားဥယျာဉ်ဖြစ်သော ယဲလိုးစတုန်းအမျိုးသားဥယျာဉ်၌ ကျက်စားသော ကျွဲရိုင်း(ပြောင်)သတ္တဝါများ အနက် ကောင်ရေ ၄၀၀ နီးပါးခန့်သည် အစုအပြုံလိုက်သတ်ဖြတ်ခံရမည့် အန္တရာယ်ရှိနေကြောင်း အေပီသတင်းဌာနက ယနေ့သတင်းထုတ်ပြန်သည်။

နှစ်ပေါင်းအတန်ကြာကာလအတွင်း အပြင်းထန်ဆုံးသော ဆောင်းဥတုနှင့် တွေ့ကြုံနေရသော ကျွဲရိုင်းသတ္တဝါများသည် ယဲလိုးစတုန်းအမျိုးသားဥယျာဉ်အတွင်း ဆီးနှင်းများအလွန်အမင်း ကျရောက်မှုကြောင့် စားရေရိက္ခာပြတ်လပ်မှုနှင့် တွေ့ကြုံခဲ့ရပြီး အစာရေစာရှာဖွေနိုင်ရန် ဥယျာဉ်ပြင်ပသို့ ထွက်ခွာလာခဲ့ကြရာ ဒေသဆိုင်ရာတာဝန်ရှိသူများက အများပြည်သူဆိုင်ရာ စားကျက်မြေများအတွင်းသို့ မဝင်ရောက်နိုင်စေရန် တိရစ္ဆာန် လှောင်ခြံများအတွင်း ယင်းသတ္တဝါများကို ပိတ်လှောင်ထားသည်။

ယင်းကျွဲရိုင်းသတ္တဝါများကို တိရစ္ဆာန်ကျန်းမာရေးတာဝန်ရှိသူများက စစ်ဆေးရာ၌ ဘက်တီးရီးယားရောဂါပိုးတစ်မျိုးဖြစ်သော ဘရူဆယ်လာပိုးစွဲနာ ခံစားနေကြရကြောင်း လေ့လာတွေ့ရှိရသည်။

ဘရူဆယ်လာပိုးစွဲနာရှိနေသော ကျွဲရိုင်းသတ္တဝါများမှတစ်ဆင့် အခြားသော တိရစ္ဆာန်များနှင့် လူတို့ထံ ရောဂါကူးစက်နိုင်သော ဘေးအန္တရာယ်ရှိနေသဖြင့် တာဝန်ရှိသူများက နယ်ကျွံလာသော ကျွဲရိုင်းတိရစ္ဆာန်များကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ကာ ရှင်းလင်းသုတ်သင်ရန် စီစဉ်နေကြောင်း သတင်းတွင်ဖော်ပြသည်။

ယဲလိုးစတုန်း အမျိုးသားဥယျာဉ်သည် ဝိုင်အိုမင်းပြည်နယ်နှင့် မွန်တားနား ပြည်နယ်အကြား နယ်စပ်ဒေသ၌တည်ရှိပြီး အမေရိကန်နိုင်ငံ၏ ပထမဆုံးသော အမျိုးသားဥယျာဉ်ဖြစ်သည်။ **အင်တာနက်။**

အမေရိကန်ပြည်ထောင်စု ယဲလိုးစတုန်း အမျိုးသားဥယျာဉ်မှ ကျွဲရိုင်းများကို တွေ့ရစဉ်။

အိမ်အတွင်း အနှစ် ၂၀ ပိတ်ထားခြင်းခံရသူ ရဲတပ်ဖွဲ့ကယ်တင်

ဆွာပေါ်လို ဖေဖော်ဝါရီ ၅

ဘရာဇီးနိုင်ငံတွင် အိမ်တစ်လုံးအတွင်း၌ နှစ်ပေါင်း ၂၀ ကြာ သော့ခတ်ပိတ်လှောင်ထားခြင်းခံရသည့် အသက် ၄၅ နှစ်ရှိ အမျိုးသမီးတစ်ဦးကို ရဲတပ်ဖွဲ့က ကယ်တင်ခဲ့ကြောင်း သောကြာနေ့က ပြောကြားခဲ့သည်။

အဆိုပါ အမျိုးသမီးသည် အနှစ် ၂၀ ကာလအတွင်း ပြင်ပကမ္ဘာနှင့် အဆက်အသွယ် လုံးဝမလုပ်ခဲ့ရဟု ဆိုသည်။

ပါရာနာပြည်နယ် မြို့တော်ကူရီတီဘာမှ ၅၅၀ ကီလိုမီတာအကွာရှိ မာရီလုစ်မြို့တွင် ၎င်း၏အဖော် အသက် ၆၀ ရှိ အမျိုးသားတစ်ဦးက ၎င်းကို အိမ်အတွင်း၌ သော့ခတ်ထားသည်ဟု ရဲတပ်ဖွဲ့က ပြောသည်။

သန့်ရှင်းရေးအလုပ်သမားတို့၏ တိုင်ကြားမှုကြောင့် ရဲတပ်ဖွဲ့သည် ထိုအိမ်သို့သွားရောက်စစ်ဆေးရာ အိမ်ပိတ်ထားသည်ကို တွေ့ရသည်။ သို့သော်အတွင်းမှ အကူအညီတောင်းခံနေဟန်ရှိသည့် အမျိုးသမီးအသံကို ကြားရကြောင်း ရဲတပ်ဖွဲ့ ကြေညာချက်တွင် ဖော်ပြထားသည်။

မည်သည့်ပုံစံမျိုးနှင့်မျှ ပြင်ပသို့မဆက်သွယ်ရန် ၎င်းကို တားမြစ်ထားကြောင်း၊ အိမ်မှုဝေယျာဝစ္စများကိုသာ လုပ်ကိုင်ခဲ့ရကြောင်း အဆိုပါအမျိုးသမီးက စိတ်ပညာရှင်ထံ အစစ်ခံခဲ့သည်ဟု ရဲအရာရှိတစ်ဦးက ပြောကြားသည်။

အေအက်ဖ်ပီ။

ဂြိုဟ်တုလွှတ်တင်နိုင်သော ဆိုယုဇ်-အက်စ်တီဒုံးပျံယာဉ်ကို အာကာသစခန်းသို့ ရေကြောင်းမှ ပို့ဆောင်စဉ်။

ရုရှားဆိုယုဇ်ဒုံးပျံယာဉ်သစ်ကို သြဂုတ် ၃၁ရက်တွင် လွှတ်တင်မည်

မော်စကို ဖေဖော်ဝါရီ ၅

ရုရှားဆိုယုဇ်-အက်စ်တီ-ဘီ ဂြိုဟ်တုလွှတ်တင်ရေး ဒုံးပျံ ယာဉ်သစ်ကို ဥရောပအာကာသဗဟိုဌာန၏ ပြင်သစ် ဂီယာနာ ဒုံးပျံစခန်းမှ သြဂုတ် ၃၁ ရက်တွင် လွှတ်တင်မည်ဖြစ်ကြောင်း ဒုံးပျံယာဉ်ဒီဇိုင်းထုတ်လုပ်ရေး ဗျူရိုက ဖေဖော်ဝါရီ ၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဆိုယုဇ်-အက်စ်တီ ဒုံးပျံယာဉ်သည် ဂယ်လီလီယို လမ်းပြမြေပုံစနစ် ဂြိုဟ်တုနှစ်လုံးကို သယ်ဆောင်သွားမည်ဖြစ်သည်။

ကြန့်ကြာခဲ့ရ

ဆိုယုဇ်-အက်စ်တီဒုံးပျံယာဉ်ကို ကနဦးအနေဖြင့် ဥရောပ အာကာသအေဂျင်စီ၏ ကူရူးအာကာသစခန်းမှ ဒီဇင်ဘာ ၁၇ ရက်တွင် လွှတ်တင်ရန်စီစဉ်ခဲ့သော်လည်း နှောင့်နှေးကြန့်ကြာမှုနှင့် တွေ့ကြုံခဲ့ရသည်။

ရုရှားအာကာသအေဂျင်စီနှင့် ပြင်သစ်နိုင်ငံမှ ဂြိုဟ်တုလွှတ်တင်ရေးကုမ္ပဏီဖြစ်သော အာရီယန်အာကာသကုမ္ပဏီတို့သည် ဂြိုဟ်တုလွှတ်တင်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ် ကို ၂၀၀၈ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

အင်တာနက်။

ဆိုင်ကလုန်းယာစီ နောက်ဆက်တွဲ မိုးရွာသွန်းမှုများကြောင့် သြစတြေးလျ၌ ရေလွှမ်းမိုး

ဘရစ္စဘိန်း ဖေဖော်ဝါရီ ၅

အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ယာစီတိုက်ခတ်ပြီးနောက် သြစတြေးလျနိုင်ငံ ဝိတိုရိယပြည်နယ်၌ ဖေဖော်ဝါရီ ၅ ရက်က မိုးသည်းထန်စွာရွာပြီး ရုတ်တရက်ရေကြီးခဲ့ရာ လူအမြောက်အမြားသည် ၎င်းတို့၏နေအိမ်များနှင့် မော်တော်ယာဉ်များအတွင်း ပိတ်မိနေရကြောင်း သတင်းများတွင် ဖော်ပြသည်။

ဆိုင်ကလုန်းယာစီကြောင့် ကွင်းစလန်းပြည်နယ် ကမ်းရိုးတန်းဒေသရှိ လူနေအိမ်များ၊ စိုက်ခင်းများ ပျက်စီးခဲ့ရပြီး ယင်းပြည်နယ်နှင့် မိုင်ပေါင်း ၁၂၀၀ ကွာဝေးသော ဝိတိုရိယပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း သိရသည်။ သြစတြေးလျနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် မဲလ်ဘုန်းမြို့တော်အချို့ဒေသများ၌ ညလုံးပေါက်မိုးရွာသွန်းခဲ့ရာ မိုးရေချိန် ၆ ဒသမ ၈ လက်မအထိ ရှိခဲ့ပြီး မေးလ်ဒူရာမြို့၌ ဖေဖော်ဝါရီ ၄ ရက်က ရွာသွန်းသောမိုးကြောင့် ရုတ်တရက်ရေကြီးမှုများဖြစ်ပွားခဲ့သည်။

မဲလ်ဘုန်းမြို့ အရှေ့တောင်ဘက်ရှိ မြို့ငယ်တစ်မြို့၌လည်း ရုတ်တရက်ရေကြီးမည့်အန္တရာယ်ကြောင့် ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အာဏာပိုင်များက တိုက်တွန်းထားသည်။ သောလီဟတ်ဒ်အမည်ရှိ မြို့တစ်မြို့ကို တစ်မြို့လုံးနီးပါးရေလွှမ်းမိုးခဲ့ရာ အများပြည်သူနှင့် သတင်းစာဆရာများကို ယင်းမြို့သို့ သွားရောက်ခွင့်မပေးပေ။ မြို့သူမြို့သားအများအပြားသည် မိုးရေကာဖျင်များအုပ်မိုးထားသော နေအိမ်များထဲ၌ နေထိုင်ကြရပြီး အကူအညီများရောက်လာမည့်အချိန်ကို စောင့်မျှော်နေကြရသည်ဟုဆိုသည်။ **အင်တာနက်။**

ရွေးကောက်တင်မြှောက်ခံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဝမ်းမြောက်ဂုဏ်ပြုကြောင်း သဝဏ်လွှာများပေးပို့

ပေကျင်း ဖေဖော်ဝါရီ ၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရသော သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရသော ဦးခင်အောင်မြင့်တို့ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီဥက္ကဋ္ဌ ဝူဘန်ကိုက ဝမ်းမြောက်ဂုဏ်ပြုပါကြောင်း သဝဏ်လွှာများကို ဇန်နဝါရီ ၃၁ရက်က ပေးပို့သည်။

ယင်းနေ့က ကျင်းပသည့် ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် သူရဦးရွှေမန်းအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ပြီး ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးတွင် ဦးခင်အောင်မြင့်အား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။

(အမ်အင်အေ၊ဆင်ဟွာ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၆-၂-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၁၅ ၅။ ဓမ္မပူဇာတေး
၇း၂၀ ၆။ မျိုးချစ်တပ်မတော်
၇း၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၀၄ ၃။ နိုင်ငံတော်သီချင်း
၁၁း၀၅ ၄။ အဖွင့်သီချင်း
၁၁း၁၀ ၅။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၆။ **ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး(အပိုင်း-၂၈)**
၁၁း၄၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အတူသောက်ခဲ့တဲ့ကော်ဖီ**
၁၂း၃၀ ၈။ ကျန်းမာသုတ
၂း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၃၉)**
၂း၅၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၂း၅၅ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ မျိုးချစ်တပ်မတော်
၄း၂၀ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၂၅ ၇။ မြန်မာ့ရှုခင်း
၄း၃၀ ၈။ ရန်သူမီး
၄း၄၅ ၉။ ၂၀၁၁ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာ(ရူပဗေဒ)
၄း၅၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀ ၁၁။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၄။ ဘဝကြေးမုံ (အပေးအယူနှင့်အအေးအပူ) (သရုပ်ဆောင်-ထွန်းထွန်းဝင်း၊ ကောင်းမိုးယံ၊သန်းသန်းစိုး၊ ကြည်နူးနိုင်) [ဒါရိုက်တာ ဆဲဗင်း(IC)]
၆း၅၀ ၁၅။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၅၄)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ ပဟေဠိနန်းတော်
၂၂။ ကျန်းမာသုတ
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်၌တည်သောသစ္စာ(အပိုင်း-၁)**
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း(အပိုင်း-၂၆)**
၂၆။ သင့်အတွက်မနက်ဖြန်
၂၇။ အပိတ်နှုတ်ဆက်စကား
၂၈။ ပြီးပါပြီ။

စိုက်ပျိုးရေးတက္ကသိုလ်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့အတွက် သင်ကြားရေးအထောက်အကူပစ္စည်းများ လှူဒါန်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးတက္ကသိုလ်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့၌ သင်ကြားရေးအတွက် အသုံးပြုရန် မြန်မာ့ဩဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်က သင်ကြားရေးအထောက်အကူပစ္စည်းများ လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက အမှာစကားပြောကြားရာ၌ မြန်မာ့ဩဘာလုပ်ငန်းစု ကုမ္ပဏီလီမိတက် အနေဖြင့် မြန်မာနိုင်ငံ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တစ်ခန်းတစ်ကဏ္ဍမှ ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ တက်ရောက်နေသော ပညာထူးချွန် ကျောင်းသား၊ ကျောင်းသူများအတွက် ဘွဲ့ကြိုမဟာသိပ္ပံနှင့် ပါရဂူဘွဲ့များအတွက် ပညာသင်ဆုကို ၂၀၀၃-၂၀၀၄ ခုနှစ် ပညာသင်နှစ်ကစ၍ အထောက်အပံ့ပေးခဲ့သည်မှာ ယနေ့အထိ ထူးချွန်ကျောင်းသား၊ ကျောင်းသူပေါင်း ၁၉၀ထိ ရှိပြီဖြစ်ကြောင်း။

ထို့အပြင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကျင်းပသည့် လူမှုရေးလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးရေးလုပ်ငန်းများနှင့် နာဂစ်မုန်တိုင်းဒဏ်ခံဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တတ်စွမ်းသမျှ ကူညီပံ့ပိုးပေးခြင်းတို့အတွက် ကျေးဇူးတင်ရှိပါကြောင်း။

ယခုအခမ်းအနားသည် မြန်မာ့ဩဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အထူးပြုကျောင်းခွဲများနှင့် ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးဌာနတို့အတွက် သင်ကြားရေးတွင် အထောက်အကူပြုစေရန် ပရိုဂျက်တာကိုးစုံကို လှူဒါန်းခြင်းဖြစ်ကြောင်း၊ ဤပစ္စည်းများသည် သင်ကြားရေးတွင် အမှန်တကယ် အထောက်အကူဖြစ်စေမည့် သင်ထောက်ကူပစ္စည်းများဖြစ်သဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရာတွင် အကျိုးရှိထိရောက်စွာ အသုံးချနိုင်မည်ဖြစ်၍ များစွာကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့နိုင်ငံ၏ လယ်ယာကဏ္ဍနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ယခုကဲ့သို့ ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားကြမည်ဆိုလျှင် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်များသည် အနာဂတ်တွင် ပိုမိုအောင်မြင်ဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အလှူရှင် မြန်မာ့ဩဘာလုပ်ငန်းစုကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးသတိုးဟိန်းက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သောင်းထံ သင်ထောက်ကူပစ္စည်းများဖြစ်သော ပရိုဂျက်တာ ကိုးစုံကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သောင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး အလှူရှင် မြန်မာ့ဩဘာလုပ်ငန်းစုကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးသတိုးဟိန်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ထမ်းဆိုင်ရာဆုတံဆိပ်များနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၅

၂၀၀၉ ခုနှစ်နှင့်၂၀၁၀ ခုနှစ်တို့အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သော ဝန်ထမ်းဆိုင်ရာဆုတံဆိပ်များနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယအထွေထွေမန်နေဂျာ ဦးမောင်မောင်ဝင်းက ဝန်ထမ်းဆိုင်ရာ ဆုတံဆိပ်နှင့် ဆုငွေများ ချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ၂၀၀၉ ခုနှစ်အတွက် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ဝန်ထမ်းများ ကိုယ်စား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင့်လွင်အားလည်းကောင်း၊ ၂၀၀၉ ခုနှစ်အတွက် ပြည်သူ့ဝန်ထမ်းတံဆိပ်ရရှိသူ ဝန်ထမ်းများကိုယ်စား ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သက်အားလည်းကောင်း ဝန်ထမ်းဆိုင်ရာ ဆုတံဆိပ်နှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသိန်းထွန်းက ၂၀၀၉ ခုနှစ်အတွက် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်ရရှိသူ ဝန်ထမ်းများကိုယ်စား ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများအား ဝန်ထမ်းဆိုင်ရာဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီးသည် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ပထမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားပြီး ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

အဆိုပါ အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးသိန်းထွန်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်မှ အမှုဆောင်များ ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ တယ်လီပို့မှ တာဝန်ရှိသူများ၊ ရတနာပုံတယ်လီပို့၌ ရင်းနှီးမြှုပ်နှံကြသည့် လုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ပထမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

သုံးဆယ် အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

သာယာဝတီမြို့နယ် သုံးဆယ်မြို့ အထက ကျောင်းသား၊ ကျောင်းသူဟောင်းများက အသက်(၆၀)ပြည့်ပြီး ဆရာကြီး၊ ဆရာမကြီးများအား (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့) (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ယင်းကျောင်း ပီမိုးနင်းခန်းမ၌ ကျင်းပမည်ဖြစ်၍ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြ ရန်နှင့် အလှူငွေများကို ရန်ကုန်မြို့ ဦးမောင်နှစ် ဖုန်း-၀၁-၇၂၈၀၀၅၊ ဦးတင်မောင်ဝင်း ဖုန်း-၀၁-၃၈၇၅၂၂၊ သုံးဆယ်မြို့ ဦးကံသိမ်း ဖုန်း-၀၅၅-၃၀၁၂၂၊ ဦးနေဝင်း ဖုန်း-၀၅၅-၃၀၅၂၂၊ ဦးမြင့်ရွှေ ဖုန်း-၀၉-၅၃၁၂၂၅၃၊ ဦးသိန်းအောင် ဖုန်း-၀၅၅-၃၁၁၁၄၊ ဦးမျိုးတင် ဖုန်း-၀၅၅-၃၀၅၀၈၊ ဦးလှထူး ဖုန်း-၀၅၅-၃၀၅၅၄၊ ဒေါ်လှလှမြင့် (အထက၊ သုံးဆယ်) ဖုန်း-၀၅၅-၃၀၀၀၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အထက(၃) သဃ်္ဃန်းကျွန်း သတ္တမအကြိမ် မြတ်ဆရာ ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၅

အထက(၃) သဃ်္ဃန်းကျွန်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း မြည်ီလာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ နှစ်စဉ် အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အထက(၃)၌ ပညာသင်ကြားခဲ့ဖူးသော ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်နိုင်ကြပြီး ပါဝင်လှူဒါန်းလိုပါက ဦးမြင့်စိုးဝင်း ဖုန်း-၀၉-၅၀၆၁၄၅၈၊ ဦးခင်မောင်ညွန့် ဖုန်း-၀၉-၅၀၆၃၀၉၀၊ ဦးဇော်မင်းနိုင် ဖုန်း-၀၉-၅၀၈၇၁၃၁၊ ဦးစိန်ထွန်းအောင် ဖုန်း-၀၉-၅၁၈၁၁၇၂၊ ဒေါ်ဝင်းဝင်းကြိုင် ဖုန်း-၀၉-၅၁၇၃၈၃၉၊ ဒေါ်ခင်ခင်မြ ဖုန်း-၀၁-၅၆၁၃၅၈၊ ဒေါ်ခင်မော်မော် ဖုန်း-၀၁-၅၆၁၃၁၆၊ ဒေါ်မြင့်မြင့်ဦး ဖုန်း-၀၁-၅၆၂၆၁၇ နှင့် ကျောင်းအုပ်ဆရာမကြီး ဖုန်း-၀၁-၅၆၅၁၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဒေသခံတိုင်းရင်းသားလူငယ်များအား နည်းပညာဆိုင်ရာအတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားကာ ပညာတတ်များဖြစ်လာစေပြီးနောက် နိုင်ငံအကျိုးနှင့်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ကြသူများ ဖြစ်ထွန်းလာစေရေးအတွက် ပြုစုပျိုးထောင် မွေးထုတ်ပေးနေသော နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)ကလည်း ကချင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုဂုဏ်ဒြပ်ကို ဤသို့ တိုးမြှင့်ထင်ဟပ်ပေးလျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင်

ကချင်ပြည်နယ်တစ်ခွင်

◆ **ကျော်ဖုံးမှ**

ခါကာဘိုရာဇီ (၁၉၂၉၆ပေ)နှင့် ဂမ်လန်ရာဇီ (၁၉၁၄၂ပေ)စသည့် တောင်ထိပ်များရှိကာ ဆီးနှင်းရေခဲများ အမြဲဖုံးလွှမ်းလျက်ရှိသည်။

အကျယ်ဆုံးလွင်ပြင်များမှာ ချင်းတွင်းမြစ်ဖျားရှိ တနိုင်းခမြစ်ဝှမ်းမှ ဟူးကောင်းချိုင့်ဝှမ်းဒေသ၊ မလိခမြစ်ဝှမ်းရှိ ပူတာအိုလွင်ပြင်၊ မြစ်ကြီးနား၊ ဗန်းမော်နှင့် အင်းတော်ကြီးကန်၊ မိုးကောင်းချောင်း၊ ကောက်ကွေ့ချောင်းပတ်ဝန်းကျင်ဒေသများဖြစ်သည်။ ရေမြေသဘာဝရာသီဥတုကောင်းမွန်ပြီး တွင်းထွက်သယံဇာတများလည်း ပေါများကြွယ်ဝသည့်အတွက် သဘာဝပေးဆုလာဘ်ကြီးကို ပိုင်ဆိုင်ထားသော ပြည်နယ်တစ်ခု ဖြစ်သည်။

နိုင်ငံတော်အစိုးရက ၁၉၈၈ခုနှစ် နိုင်ငံ့တာဝန်စတင်ယူရချိန်မှစပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစားပေးလုပ်ငန်းစဉ်အဖြစ်သတ်မှတ်လျက် အလေးပေးဆောင်ရွက်ခဲ့သည်။ ၁၉၈၈ခုနှစ်က ယိုယွင်းပျက်စီးခဲ့သော တိုင်းပြည်ကို ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် တိုင်းပြည်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်မှုရှိရေးတို့ကို အင်တိုက်အားတိုက် ဦးစားပေးဆောင်ရွက်ခဲ့သည်။

ယခင်ခေတ်အဆက်ဆက်နှင့် မတူသည့် မူဝါဒများပြောင်းလဲချမှတ်ပြီး တိုင်းရင်းသား ပြည်သူတို့၏ အကျိုးကိုရေရှည်မျှော်ကိုး၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုရရှိအောင် အစွမ်းကုန်ကြိုးပမ်းဖော်ဆောင်ခဲ့ရာ နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းလာပြီး အထူးသဖြင့် နယ်စပ်ဒေသတိုင်းရင်းသားနယ်မြေများ အဆပေါင်းများစွာ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ကာ အလှပန်းများ အားရကျေနပ်ဖွယ် ဝေဆာနေသည်ကို အထင်အရှား မြင်တွေ့နေရသည်။

ကချင်ပြည်နယ်တွင် နိုင်ငံတော်၏အားပေးမြှင့်တင်မှု၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များနှင့် တိုင်းရင်းသားပြည်သူများ တစ်စိတ်တည်းတစ်ဝမ်းတည်း လက်တွဲပူးပေါင်း ကြိုးပမ်းအားထုတ်မှုများကြောင့် ကချင်ပြည်နယ်သည် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများနည်းတူ ဘက်စုံဖွံ့ဖြိုးအလှတိုးနေပြီဖြစ်သည်။ နိုင်ငံတော်က တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်စေရန်အတွက် အားသွန်ခွန်စိုက်ဖော်ဆောင်ပေးခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ကချင်ပြည်နယ်မှ ဒေသခံတိုင်းရင်းသား ပြည်သူများလည်း ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ခံစားနေကြရပြီ ဖြစ်သည်။ ။

ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုများ

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	စိုက်ပျိုးမြေဧရိယာ	ဧက	၄၄၃၁၆၀	၈၈၆၇၇၈	၄၄၃၆၁၈
၂	ဆည်တမံ	ခု	၃	၇၀	၆၇
၃	မြစ်ရေတင်လုပ်ငန်း	ခု	မရှိ	၅	၅
၄	ကြိုးဝိုင်းတော	စတုရန်းမိုင်	၂၀၀၈	၁၁၁၈၇	၉၁၇၉
၅	ကားလမ်း	မိုင်	၂၁၅၄	၃၆၂၆	၁၄၇၂
၆	ပေ ၁၈၀ အထက်တံတား	စင်း	၂၇	၇၉	၅၂
၇	စာတိုက်စခန်း	ခု	၆၄	၈၃	၁၉
၈	ကြေးနန်းရုံး	ရုံး	၂၀	၃၃	၁၃
၉	တယ်လီဖုန်းရုံး	ရုံး	၁၂	၈၃	၇၁
၁၀	မိုက္ကရိုဝေ့ဗ်စခန်း	ခု	မရှိ	၂၄	၂၄
၁၁	ရေအားလျှပ်စစ်စက်ရုံ	ရုံ	၁	၆	၅
၁၂	ပုဂ္ဂလိကစက်ရုံ	ရုံ	၆၀၁	၁၂၀၄	၆၀၃
၁၃	အခြေခံပညာကျောင်း	ကျောင်း	၁၁၇၈	၁၃၁၃	၁၃၅
၁၄	တက္ကသိုလ်၊ ကောလိပ်	ခု	၁	၃	၂
၁၅	နည်းပညာတက္ကသိုလ်၊ ကောလိပ်	ခု	မရှိ	၃	၃
၁၆	ကွန်ပျူတာတက္ကသိုလ်	ခု	မရှိ	၂	၂
၁၇	ဆေးရုံများ	ရုံ	၃၅	၄၇	၁၂

စိုက်ပျိုးရေး ဖြစ်ထွန်းအောင်မြင်စေရန်အတွက် အထောက်အကူပြု ဆည်တမံများစွာကို နိုင်ငံတော်က ဒေသအနှံ့ တည်ဆောက်ပေးလျက်ရှိရာ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်တွင် တည်ဆောက်ပေးထားသည့် ဝါရှောင်ဆည်ကို တွေ့ရစဉ်။

(၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ကြိုဆိုဂုဏ်ပြု

ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းများ

စဉ်	အကြောင်းအရာ	တည်နေရာ	မှတ်ချက်
၁	**စိုက်ပျိုးရေး**		
	(က) ပေါင်းနက်ရေလှောင်တမံစီမံကိန်း	ရွှေကူမြို့နယ်	အကျိုးပြုဧက ၅၀၀၀
	(ခ) တာလီရေလွှဲဆည်	မိုးမောက်မြို့နယ်	အကျိုးပြုဧက ၃၄၈၆
၂	ကသာ-ဗန်းမော်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းမှ တည်ဆောက်ဆဲ ဧရာဝတီ (စင်းခန်း)တံတား	ဗန်းမော်မြို့နယ်	(က) ပင်မတံတားအရှည် (၃၂၁၅)ပေ (ခ) ကားတံတားအရှည် ပေ (၄၆၃၀) (ဂ) မီးရထားတံတားအရှည် ပေ (၅၅၁၀)
၃	**ရထားလမ်း**		
	ဗန်းမော်-စင်းခန်းရထားလမ်းပိုင်း	ဗန်းမော်မြို့နယ်	မိုင် (၃၀)
၄	**ဘူတာ**		
	ဗန်းမော်ဘူတာ၊ မန်ရွှတ်ဘူတာ၊ မန်စီဘူတာ၊ ရေခူးမန်ခန်ဘူတာ၊ ဟန်ထက်ဘူတာ၊ မြလယ်ဘူတာ၊ စင်းခန်းဘူတာ	ဗန်းမော်မြို့နယ်	ဗန်းမော်-စင်းခန်း ရထားလမ်းပိုင်း
၅	**ဆက်သွယ်ရေး**		
	(က) CDMA/GSM မိုဘိုင်းဖုန်း	မြစ်ကြီးနား၊ လွယ်ဂျယ်	မြစ်ကြီးနားမြို့နယ်၊ ဆယ်မိုင်ကျေးရွာ
	(ခ) GSM မိုဘိုင်းဖုန်း	မြစ်ကြီးနား၊ ဝိုင်းမော်	မြစ်ကြီးနားမြို့နယ်၊ စက်မှုဇုန်
၆	**လျှပ်စစ်စွမ်းအား**		
	(က) မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း (တည်ဆောက်ဆဲ)	မြစ်ကြီးနား	မဂ္ဂါဝပ် ၆၀၀၀
	(ခ) ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်း (တည်ဆောက်ဆဲ)	ချီဖွေမြို့နယ်	၉၉ မဂ္ဂါဝပ်
	(ဂ) ချီဖွေကြီးရေအားလျှပ်စစ်စီမံကိန်း (တည်ဆောက်ဆဲ)	ချီဖွေမြို့နယ်	မဂ္ဂါဝပ် ၃၄၀၀

ကချင်ပြည်နယ်တွင် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှု၏ ပြယုဂ် ဖြစ်သည့် မြစ်ကြီးနားမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် တာဝါတိုင်ကို တွေ့ရစဉ်။

ဒေသခံတိုင်းရင်းသားပြည်သူများ သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့စေရန်အတွက် ပူတာအိုမြို့နယ်၌ မလိခမြစ်ကို ဖြတ်ကျော်တည်ဆောက်ပေးထားသည့် ကောင်းမှုလုံကြိုးတံတား။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

အားကောင်းမောင်းသန် ခြေလှမ်းမှန်စွာ ဒီမိုကရေစီကျင့်စဉ်န

လွှတ်တော်အစည်းအဝေးများကို ခမ်းခမ်းနားနား စုံစုံညီညီ အောင်အောင်မြင်မြင် ကျင်းပနေကြသည်များကို နေ့စဉ်တွေ့မြင်ကြားသိနေရသည်။ နေပြည်တော်ရှိ ခမ်းနားထည်ဝါလှသော လွှတ်တော်အဆောက်အအုံကြီးထဲတွင် သက်ဆိုင်ရာလွှတ်တော်ခန်းမများအလိုက် ကျင်းပနေကြသည်။ တိုင်းရင်းသားစုံ လွှတ်တော်ကိုယ်စားလှယ်များ စုံစုံညီညီ သိုက်သိုက်ဝန်းဝန်း တက်ရောက်ဆွေးနွေးဆုံးဖြတ် ဆောင်ရွက်နေကြသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များကိုလည်း ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စနစ်တကျ အောင်အောင်မြင်မြင် ကျင်းပဆောင်ရွက်နေကြသည်။ ဤသည်မှာ ဒီမိုကရေစီရွှေတံခါးကြီးဆီသို့ လွှတ်တော်နည်းလမ်းအတိုင်း ချောမောအောင်မြင်စွာ ချဉ်းကပ်လှမ်းဝင်နေခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

နိုင်ငံတော်၏ လမ်းပြမြေပုံ(၇)ရပ်အနက် ယခု အဆင့်(၆)နှင့် အဆင့်(၇)ကို ဆက်တိုက်ဆိုသလို ဖြတ်သန်းနေခြင်းဖြစ်သည်။ အဆင့်(၆)နှင့် အဆင့်(၇)သည် အခြေခံဥပဒေလမ်းကြောင်းအတိုင်း၊ လွှတ်တော်နည်းလမ်းအတိုင်းသွားပါက ဝေးမယောင်နှင့် နီးသောခရီးဖြစ်လာမည်။ ထို့ကြောင့် ယနေ့ကာလသည် ယခုလက်ရှိ နိုင်ငံရေးချဉ်းကပ်ရာ လမ်းကြောင်းအတိုင်း တိုင်းရင်းသားအားလုံးပါဝင်လျက် လမ်းပြမြေပုံ အဆင့်(၆)နှင့် အဆင့်(၇)ကို ရှေ့ဆင့်နောက်ဆင့် ဖြတ်သန်းနေချိန်ဖြစ်သည်ဟု ဆိုရခြင်းဖြစ်သည်။

လွှတ်တော်များကို အခြေခံဥပဒေနှင့်အညီ ခေါ်ယူကျင်းပခြင်းဖြစ်သကဲ့သို့ လွှတ်တော်များကြောင့်လည်း အခြေခံဥပဒေသည် အသက်ဝင်ခဲ့ပြီဖြစ်သည်။ ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် အစည်းအဝေးကို ၃၁-၁-၂၀၁၁ ရက်နေ့ မွန်းလွဲပိုင်း၌ စတင်ကျင်းပနိုင်ခဲ့ရာ ၎င်းနေ့မှစ၍ အခြေခံဥပဒေသည် နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်ခဲ့ပေပြီ။ အခြေခံဥပဒေ အာဏာတည်ပြီဖြစ်ရာ နိုင်ငံနှင့် ပြည်သူတို့၏ အရေးအရာမှန်သမျှသည် အခြေခံဥပဒေနှင့်အညီသာ ဖြစ်ကြရပေတော့မည်။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်များ ကျင်းပကြပုံများကို မြန်မာ့ရုပ်သံမှ စောင့်ကြည့်ဖြစ်သည်။ စိတ်ဝင်တစား မပျက်မကွက် ကြည့်ဖြစ်သည်ကများသည်။ ခေတ်သစ်၊ စနစ်သစ်၊ နိုင်ငံသစ်တစ်ခု၏ အစခရီးကို ဘယ်လိုခြေလှမ်းကြမလဲဆိုသည်ကို စိတ်ဝင်တစားရှိလှသည်။

လွှတ်တော်များမှာ တိုင်းရင်းသားစုံ ပါဝင်တက်ရောက်နေကြသည်။ ရိုးရာတိုင်းရင်းသားဝတ်စုံများကို ဂုဏ်ယူစွာ ဆင်မြန်းလျက် တင့်တယ်ထည်ဝါစွာ လက်တွဲပါဝင်နေကြသည်။ တပ်မတော်သားကိုယ်စားလှယ်များကိုလည်း ယူနီဖောင်းများနှင့် တွေ့ရသည်။ ကိုယ့်မြို့ကိုယ့်ဒေသမှ ကိုယ်စားလှယ်များကိုလည်း ရုပ်သံဖန်သားပြင်မှာ တွေ့ရတတ်သေးသည်။ တိုင်းရင်းသားစုံ၊ လူမျိုးစုံ၊ အသက်အရွယ်စုံ၊ အလုပ်အကိုင်မျိုးစုံ၊ နယ်ပယ်စုံမှဖြစ်သော်လည်း ပြည်သူ့ကိုယ်စားလှယ်များပေမို့ ရင့်ကျက်မှုနှင့် ပြည့်ဝမှုကိုယ်စီ တွေ့မြင်နေရသည်။ ထိုသို့ ရင့်ကျက်ပြည့်ဝမှုရှိသူများပေမို့လည်း ဆိုင်ရာဒေသများက ပြည်သူတို့၏ ယုံကြည်ကိုးစားမှု၊ ကိုယ်စားတာဝန်လွှဲအပ်မှုကို ဆောင်ယူလာနိုင်ကြသူများ ဖြစ်ခဲ့ကြသည်ပင်။ မည်သို့ဆိုစေ လွှတ်တော်များသည် ပြည်ထောင်စုကြီး တစ်ခုလုံး၊ ပြည်ထောင်စုသားအားလုံးကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များ စုံညီစုဝေးပြီး နိုင်ငံ့အရေး၊ ပြည်သူ့အရေးကိစ္စများကို တိုင်ပင် ဆွေးနွေး အဖြေရှာရာ ပြည်သူ့ဗိမာန်ဖြစ်သည်ကို မမေ့အပ်။

ဤသည်ကိုပင် မလိုသူတို့က လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို လက်ညှိုးထောင် ခေါင်းညိတ်အဆင့်သာ ရှိသူများအဖြစ် အမနာပ သမုတ်ကြသေးသည်။ လက်ခုပ်တီးရုံသက်သက် လွှတ်တော်တက်ကြသူများအဖြစ် အပုပ်ချကြသေးသည်။ ဤသည်မှာ ကိုယ်လက်လှမ်းမမီသည့် အသီးပေမို့ ဇွတ်အတင်းချဉ်နေကြခြင်းသာ ဖြစ်၏။ မစားရတဲ့အမဲ သဲနှင့်ပက်ကြခြင်းသာဖြစ်၏။

ကျော်ရဲမင်း

ပြောခဲ့ပြီးပါပြီ။ ကိုယ်စားလှယ်တော်ကြီးများသည် သက်ဆိုင်ရာဒေသခံပြည်သူများ၏ ယုံကြည်ကိုးစားမှု၊ ကိုယ်စားတာဝန်လွှဲအပ်မှုကို အသီးသီးခံယူရရှိခဲ့ကြသူများပါပေ။ ဆိုင်ရာဆိုင်ရာ အရည်အချင်း၊ အရည်အသွေးများနှင့် ပြည့်စုံ၍သာ ယုံကြည်ကိုးစားထိုက်သည့် ရင့်ကျက်ပြည့်ဝမှုရှိသောကြောင့်သာ ပြည်သူက ထောက်ခံရွေးချယ်ခဲ့ကြခြင်းမဟုတ်ပါလား။ ဘာပဲပြောပြော ပြည်သူက သိပါသည်။ ပြည်သူက နားလည်ပါသည်။ ဘာအရည်အချင်းမျှ လက်ဆုပ်လက်ကိုင်မရှိဘဲ တောပြောတောင်ပြော တစ်ရာ့ကိုးတစ်ရာ့တစ်ဆယ်များကို ဘယ်ရွေးပါလိမ့်မလဲ။ ဘယ်ထောက်ခံပါလိမ့်မလဲ။ ပြည်သူက ဒီမိုကရေစီနည်းလမ်းတကျ အဆုံးအဖြတ်ပေးခဲ့ပြီးပြီ။ ဒါကို နားလည်သင့်ကြသည်။ နားမလည်နိုင်သေးတောင်မှ ပြည်သူ့ကိုယ်စားလှယ်များကို ဒီလိုသိမ်းကျုံးပြီး ပုတ်ခတ်ထိပါးခြင်းမျိုး မလုပ်ကောင်း၊ မလုပ်သင့်။ ပြည်သူ့ကိုယ်စားလှယ်များကို ပုတ်ခတ်ခြင်းသည် ၎င်းတို့ကို ရွေးချယ်တာဝန်အပ်နှင်းလိုက်သည့် ပြည်သူကိုပါ ထိပါးစော်ကားခြင်းဖြစ်သည်။ စကားတစ်ခွန်း၏ သက်ရောက်မှုအတိုင်း အရှည်ကိုသိသင့်သည်၊ နှုတ်ကိုဆင်ခြင်စောင့်စည်းသင့်သည်။

လွှတ်တော်များ၌ သဘာပတိများရွေးကြသည်။ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ ရွေးကြ၊ မြှောက်ကြသည်။ ဒုတိယသမ္မတများ၊ နိုင်ငံတော်သမ္မတများ ရွေးကြ၊ မြှောက်ကြသည်။ သဘာပတိလောင်း၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌလောင်း၊ ဒုတိယသမ္မတလောင်းများ တင်သွင်းကြရာ၌ အဆိုတင်သွင်းသူ၊ ထောက်ခံသူ စသည်ဖြင့် စနစ်တကျ တိုင်ပင်ညှိနှိုင်းတင်သွင်းကြသည်။ အဆိုတင်သွင်းခံရသည့် ပုဂ္ဂိုလ်များမှာလည်း တစ်ဦးတည်း ပြိုင်ဘက်ကင်း အနေအထားမျိုး မဟုတ်ကြဘဲ နှစ်ဦး၊ သုံးဦး၊ လေးဦး စသည်ဖြင့် ဒီမိုကရေစီနည်းလမ်းတကျ လွတ်လပ်စွာ ပြိုင်ဆိုင်မှုကို တွေ့နိုင်သည်။ ကရင်ကိုယ်စားလှယ်ကို ဗမာကိုယ်စားလှယ်နှင့် ရှမ်းကိုယ်စားလှယ်တို့က ပူးတွဲအဆိုတင်သွင်းပြီး ရခိုင်ကိုယ်စားလှယ်က ထောက်ခံသည်လည်းရှိသည်။ ရှမ်းကိုယ်စားလှယ်ကို မွန်ကိုယ်စားလှယ်က အဆိုတင်သွင်းပြီး ကယားကိုယ်စားလှယ်က ထောက်ခံသည်လည်း တွေ့ရသည်။ ကိုယ်စားလှယ်တစ်ဦးစီ၏ အမြင်၊ သဘောထား၊ ဆန္ဒများအလျောက် နှစ်သက်သလို လွတ်လပ်စွာ အဆိုပြု၊ ထောက်ခံ တင်သွင်းနေကြပုံများက ဒီမိုကရေစီ အနှစ်သာရကို စတင် အသွင်ယူဆောင်လာခဲ့ပြီဟု ဆိုနိုင်သကဲ့သို့ ပြည်ထောင်စုတစ်ခု၏ တိုင်းရင်းသားချင်း အပြန်အလှန်ယုံကြည်သက်ဝင် ချစ်ခင်မှုများကိုလည်း အထင်အရှား ဖော်ညွှန်းနေသည်ဟု ဆိုနိုင်သည်။

ထို့နောက် အဆိုတင်သွင်းခံရသူများ တစ်ယောက်ထက်ပိုနေသည့်အခါ ကိုယ်စားလှယ်အားလုံးက ဆန္ဒမဲပေး ရွေးချယ်ကြရပြန်သည်။ လျှို့ဝှက်ဆန္ဒမဲပေးမှုရှိသကဲ့သို့ ပြောင်ဆန္ဒမဲပေးမှုကိုလည်း မြင်တွေ့ရသည်။ ဒီမိုကရေစီနည်းလမ်းတကျ အများ၏ဆန္ဒကို အတည်ယူခြင်းဖြစ်ရာ သဘောထားကွဲလွဲမှုရှိနိုင်သော်လည်း အများစု၏ဆန္ဒကို အနည်းစုက လိုက်နာရခြင်းဟူသည့် ဒီမိုကရေစီ၏ အနှစ်သာရကို အထင်အရှားတွေ့မြင်ရသည်။

သို့သော် မလိုသူတွေအဖို့မှာတော့ အပြစ်ဖို့စရာတွေက ကုန်ပဲမကုန်နိုင်ပြန်။ လွှတ်တော်များ၌ ကိုယ်စားလှယ်အများစု အနိုင်ရထားသည့်ပါတီနှင့် တပ်မတော်သား ၂၅ % တို့ကိုပင် နည်းလမ်းမျိုးစုံ အပေါင်းအနုတ် အမြှောက်အစားလုပ်လျက် ကျန်ကိုယ်စားလှယ်လူနည်းစုပါတီများအနေဖြင့် ဘာလုပ်ပိုင်ခွင့်၊ ဘာဆုံးဖြတ်ပိုင်ခွင့်မျှ မရနိုင်ဟု စကားနာထိုးကြပြန်သည်။ အမှန်မှာ ယနေ့နိုင်ငံသည် ဒီမိုကရေစီကို သွားနေပြီဆိုသည်ကိုမမေ့သင့်။ ဒီမိုကရေစီကို လိုချင်လျှင်၊ ဒီမိုကရေစီကို ရွေးချယ်လျှင် ဒီမိုကရေစီကျင့်စဉ်ကို ပစ်ပယ်၍ ဘယ်လိုမှမရစကောင်း။ ငရုတ်သီးစားချင်လျှင် ပူစပ်ပူလောင်ဖြစ်တာကိုတော့ သည်းခံရမည်သာ။ ဒီတော့ လွှတ်တော်ထဲ၌ ကိုယ်တိုင်

ချစ်ခြင်းတရား ချစ်ခြင်းများနှင့် နှလုံးသားထဲက ပြည်ထောင်စု

❂ ချစ်ခြင်းတရား၊ ချစ်ခြင်းများနှင့်
သွေးသားရင်းချာ၊ ညာတကာတို့
ညီညာပေါင်းစု၊ စည်းလုံးမှုဖြင့်
ပြည်သူ့အားမာန်၊ တံတိုင်းရံ၍
နိုင်ငံတစ်ခု၊ ညီနောင်ထု၏
ပြည်ထောင်စုမြေ အမိမြေ။
ပင်လုံသက်သေ ချစ်ရက်ရှည်။

❂ ညီ့နောင်တစ်စု၊ တည်ထောင်ပြုသည့်
ပြည်ထောင်စုကြီး၊ ရှေ့ခရီး၌
ဖွံ့စည်းခိုင်မာ၊ ညီညွတ်စွာဖြင့်
ကမ္ဘာကမ္ဘေ၊ မြန်မာပြေ(ပြည်)လျှင်
ရေရှည်တည်တံ့၊ အရှည်ခန့်လျက်
ရပ်တန့်မနေ၊ တောင်ကျရေသို့
ဆီတွေရေချိုး၊ ဆေးရိုးမီးလှုံ
တောင်ပုံစပါး၊ ကျောက်မျက်များစွာ
ပြည့်လျှံစွာပ၊ လိုတိုင်းရသည့်
မြန်မာ့ဤမြေ၊ အထွေထွေ၌
ပဒေသာပင်၊ ဝေဆာလွှင်ခဲ့
ခေတ်စဉ်မပျက်၊ ချစ်ကြင်လျက်နှင့်
တစ်သက်မယွင်း
အဖျက်ကင်းသည့်
ချစ်ခြင်းတရား၊ ချစ်ခြင်းများနှင့်
နှလုံးသားထဲက ပြည်ထောင်စု။
ညီနောင်တစ်စု တည်ထောင်ပြု။
နှစ်ပေါင်းရာထောင်တိုင်စေဟု။
မဟာမြေ့မိုးသက်သေထု။
မြန်မာဟူသည့် ပြည်ထောင်စု။ ။

(၆၄) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

မြင့်မိုရ်ဦး(ပဲခူး)

...စီကျင့်စဉ်နှင့် အညီသာ

ထိုင်နေကြသည့် ကိုယ်စားလှယ်များက ဘာမှမဟပါဘဲလျက် ဘေးထိုင်ဘုပြောအုပ်စုက ဤသို့ဝေဖန်လေကန်နေသည်မှာ ဒီမိုကရေစီကျင့်စဉ်ကိုပါ လက်မခံလိုရာရောက်သည်။ ဒီမိုကရေစီ၏ အနှစ်သာရကို ပစ်ပယ်ဘေးတွန်းပို့ရာ ကျနေသည်။

အမှန်မှာ အနည်းစုသည်လည်း အနည်းစုအလျောက် အရာရောက်သည်ပင်။ ဖန်ခွက်ထဲမှာရေတစ်ဝက်ရှိနေခြင်းက ဘာမျှမရှိသည်ထက် အဆပေါင်းများစွာ ပိုကောင်းသည်ဟု ရှုမြင်သင့်သည်။ အနည်းအများ၊ သူ့အုပ်စု ကိုယ့်အုပ်စုအင်အားထက် အမျိုးသားအကျိုးစီးပွား၊ နိုင်ငံနှင့်ပြည်သူ၏မျက်နှာက ပိုအရေးကြီးသည်။ ကိုယ်စားလှယ်အားလုံးသည် ယခင်က သက်ဆိုင်ရာပါတီ၊ အဖွဲ့အစည်းကို ကိုယ်စားပြုခဲ့ကြသည်မှန်သော်လည်း လွှတ်တော်ထဲရောက်နေပြီဖြစ်သော ယခုအချိန်၌ ပါတီစွဲ၊ အဖွဲ့အစည်းစွဲ၊ အုပ်စုစွဲများကို ခေတ္တခွာချထားခဲ့ကြရမည်သာဖြစ်သည်။ ပုဂ္ဂိုလ်ရေး၊ ပါတီရေးထက် နိုင်ငံ့အရေး၊ ပြည်သူ့အရေးကို ဦးစားပေးကြရတော့မည်ဖြစ်သည်။ နိုင်ငံ့အရေး၊ ပြည်သူ့အရေး၊ တစ်နည်း အမျိုးသားအကျိုးစီးပွားအရေးကို တည့်တည့်ရှုသူတိုင်းအတွက် ပါတီကွဲပြားသည့်ပြဿနာမရှိ၊ အုပ်စုပြဿနာလည်းမရှိ၊ အနည်းစု၊ အများစုဟူသည် သာ၍ပင်မရှိ။ နိုင်ငံနှင့် ပြည်သူအတွက် တည်ကြည်သော သစ္စာတရားဖြင့် ဖြောင့်မတ်မှန်ကန်စွာ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြသည်။ အားလုံးသည် တစ်သားတည်းဖြစ်နေသည်။ မဲခွဲဆုံးဖြတ်ကြရာ၌လည်း အနည်းစု၏ဆန္ဒကို အလေးထားပြီး အများစု၏ဆန္ဒကို လိုက်နာရသည့် ဒီမိုကရေစီကျင့်စဉ်အတိုင်း ဆောင်ရွက်ကြသည်။ ဤသည်မှာ ပြီးပြည့်စုံနေသော လုပ်ငန်းစဉ်ပရောဆက်ဖြစ်သည်။ ဟာကွက်မရှိ။

အချို့ကလည်း လွှတ်တော်သစ်ခေါ်ယူပြီး အစိုးရသစ်ဖွဲ့စည်းခြင်းသည် ယနေ့နိုင်ငံရေးပြဿနာများနှင့် အမျိုးသားရင်ကြားစေ့ရေးကိစ္စကို ဖြေရှင်းနိုင်သည့် အခင်းအကျင်းမဟုတ်သေးဟု စောဒကတက်ကြသည်။ သူတို့ဆိုလိုသည့် နိုင်ငံရေးပြဿနာဟူသည်မှာ ဆန့်ကျင်ဘက်အုပ်စု၏ ပြဿနာသာဖြစ်သည်။ ယနေ့လက်ရှိ အစိုးရဘက်၌လည်းကောင်း၊ နောင်ပေါ်ပေါက်လာတော့မည့် အစိုးရအဖွဲ့သစ်၌လည်းကောင်း နိုင်ငံရေးပြဿနာဟူ၍ ပြောပလောက်အောင်မရှိ။ လမ်းပြမြေပုံ (၇) ချက်အတိုင်းသွားလျှင် လမ်းကဖြူးဖြောင့်နေသည်။ လက်တစ်ဆုပ်စာ အုပ်စု၏ ကဖျက်ယဖျက်လုပ်ရပ်များက ဆင်ကိုခြင်ကိုက်သလောက်သာ ရှိမည်။ ဒါကို တစ်ဆိတ်တစ်အိတ်လုပ်ပြီး ပြောနေခြင်းမှာ သိပ်မှုမမှန်လှ။ အလားတူ အမျိုးသားစည်းလုံးညီညွတ်ရေးဟူသည့် ရပ်တည်ချက်အောက်မှာ လက်ရှိအစိုးရလုပ်ထားသမျှက ရာနှုန်းပြည့် မဟုတ်တောင် အတော်အောင်မြင်သည်ဟု ဆိုနိုင်သည်။ တကယ့်တကယ် ရင်ကြားမစေ့နိုင်သေးသူများမှာ လက်ချိုးရေတွက်၍ရသည့် ပမာဏသာဖြစ်ပြီး ဤသည်မှာလည်း ထိုသူများ၏ ကိုယ်ပိုင်ပြဿနာသာဖြစ်သည်။ လွှတ်တော်နှင့်အတူ ပေါ်ပေါက်လာမည့် အစိုးရအဖွဲ့သစ်က ဤကိစ္စကို ဆက်လက် ကိုင်တွယ်ဖြေရှင်းသွားရုံသာရှိသည်။ လူနည်းစုအတွက် ပြည်သူအများစုကြီး၏ခရီးကို ရပ်တန့်၍ မရ၊ နောက်ပြန်လှည့်ဖို့ဆိုသည်မှာ ပို၍ပင် ဝေးလွန်းလှသည်။ ဤသည်ကို သဘောပေါက်ကြရမည်။

ရင်ကြားစေ့ရေး အသံကောင်းဟစ်၍ ဒုတိယပင်လုံကို ပွဲထုတ်ဖို့ ကြိုးစားလာခြင်းမှာ ပို၍ဆိုးသည်။ နိုင်ငံ့လွတ်လပ်ရေးအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့သည့် ပင်လုံစာချုပ်၏အရိပ်ကို ခိုပြီး မရိုးမသားလုပ်ကြောင်း ပေါ်လွင်နေသည့်အပြင် ငြိမ်သက်နေသည့် ကန်ရေပြင်ကို ခဲနှင့်ပေါက်၍ အားမရသဖြင့် ဖုံးခွဲ၊ မိုင်းခွဲရန်အထိ ကြံစည်နေကြောင်း သိသာလှသည်။ စင်စစ် ဤသည်မှာ ဘယ်သူသေသေ ငတေမာရင်ပြီးရော စိတ်ဓာတ်ရှိသူ ပုဆိန်ရိုးတို့၏ အဖျက်စေတနာ၊ အဖျက်အကြံအစည်သာ ဖြစ်သည်။

မကြာမီ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမဏ္ဍိုင်များ တစ်ဆက်တည်း ပေါ်ထွန်းလာတော့မည်။ ကိုယ့်ကဏ္ဍနှင့်ကိုယ် နိုင်နင်းစွာ ထိန်းသိမ်းဆောင်ရွက်ကြရင်း အပြန်အလှန် ထိန်းကျောင်းမှုများ ရှိလာမည်။ ဟန်ချက်ညီမှုကို တည်ဆောက်ယူကြမည်။ အခြေခံဥပဒေလည်း အာဏာတည်ပြီ။ ပြည်သူတိုင်း အခြေခံဥပဒေပါ အခွင့်အရေးနှင့် တာဝန်များ ရှိလာကြမည်။ ခံစားရသည်ရှိသလို တာဝန်ယူစောင့်ထိန်းကြရသည်များလည်း ပါလာမည်။ အခွင့်အရေးနှင့် တာဝန်သည် ဒင်္ဂါးပြား၏ခေါင်းနှင့် ပန်းပမာ ကပ်လျက်ရှိသည်ကို သတိမူကြရမည်။

ဤသို့သောအခြေအနေမျိုး၌ မလိုသူတွေပြောစကား နားယောင်နေ၍မဖြစ်။ သိကြားမင်းဖန်ဆင်းသည့် နွားကိုပင် ချိုကားသည်ဟု အပြစ်မြင်တတ်သော သဘောမနောမျိုး သူတို့မှာ အပြည့်ရှိနေသည်ကို နားလည်ထားကြရမည်။ ပါးစပ်က ဒီမိုကရေစီကို တဖွဖွ ရွတ်နေသော်လည်း သူတို့အကျိုးစီးပွားကို ထိခိုက်နိုင်သည့်၊ သူတို့အကျိုးစီးပွားနှင့် ဆန့်ကျင်သည့် ဒီမိုကရေစီမျိုးကိုမူ ပုတ်ခတ်ဝေဖန် လက်မခံလိုသောသဘောထားမျိုးမှာ အန္တရာယ်ကြီးလှသည် ဒီမိုကရေစီကို ချစ်သည်ထက် ကိုယ့်အတ္တကို ပိုချစ်နေခြင်းပင်ဖြစ်သည်။

စင်စစ် လွှတ်တော်များသည် ပြည်သူတိုင်း ကြိုဆိုကြရမည့် နိုင်ငံရေးခြေလှမ်းသစ်များ ဖြစ်သည်။ လမ်းပြ မြေပုံ(၇)ချက်၏ နောက်ဆုံးပန်းဝင်မည့် ခြေလှမ်းများဖြစ်သည်။ ဤအချိန်မျိုး၌ အားကောင်းမောင်းသန် ခြေလှမ်းမှန်မှန်ဖြင့် စွမ်းအားမြှင့် အရှိန်တင်နိုင်ဖို့အရေးကြီးသည်။ ထို့ကြောင့် ကျင်းပလျက်ရှိသည့် လွှတ်တော်များမှသည် အနာဂတ်၌ ဒီမိုကရေစီနည်းလမ်းတကျ ဆောင်ရွက်မှုများဖြင့် နိုင်ငံနှင့် ပြည်သူကို ဒီမိုကရေစီနိုင်ငံ၊ ဒီမိုကရေစီပြည်သူများ ဖြစ်လာအောင် ပြည်သူအားလုံး လက်တွဲပါဝင်လျက် ပုံဖော်တည်ဆောက်သွားကြရမည်သာ ဖြစ်သည်။ ။

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊
- ☆ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊
- ☆ နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

- ❖ လွှတ်တော်များသည် ပြည်သူတိုင်း ကြိုဆိုကြရမည့် နိုင်ငံရေးခြေလှမ်းသစ်များဖြစ်။
- ❖ လမ်းပြမြေပုံ(၇)ချက်၏ နောက်ဆုံးပန်းဝင်မည့် ခြေလှမ်းများဖြစ်။
- ❖ ဤအချိန်မျိုး၌ အားကောင်းမောင်းသန် ခြေလှမ်းမှန်မှန်ဖြင့် စွမ်းအားမြှင့် အရှိန်တင်နိုင်ဖို့ အရေးကြီး။ ထို့ကြောင့် ကျင်းပလျက်ရှိသည့် လွှတ်တော်များမှသည် အနာဂတ်၌ ဒီမိုကရေစီနည်းလမ်းတကျ ဆောင်ရွက်မှုများဖြင့် နိုင်ငံနှင့် ပြည်သူကို ဒီမိုကရေစီနိုင်ငံ၊ ဒီမိုကရေစီပြည်သူများ ဖြစ်လာအောင် ပြည်သူအားလုံး လက်တွဲပါဝင်လျက် ပုံဖော်တည်ဆောက်သွားကြရမည်သာဖြစ်။



(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လမ်းဖွင့်ပွဲများနှင့် စက်ရေတွင်းဖွင့်ပွဲများ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၅

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ရေမျက်ကျေးရွာအနီး ကျောက်တန်း-ကျွန်းပြား-နွယ်လိန်ကန်မြေသားလမ်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်တွင် အဆိုပါ လမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ မင်းဘူးခရိုင်ဥက္ကဋ္ဌနှင့် ဒေသခံပြည်သူတစ်ဦးတို့က မြေသားလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ကြပြီး တိုင်းဒေသကြီးဥက္ကဋ္ဌက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ကျောက်တန်း-ကျွန်းပြား-နွယ်လိန်ကန်မြေသားလမ်းသည် အရှည်(၃၄/၆)မိုင်၊ အကျယ် ၁၈ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၅၇၀ ဒသမ ၉သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့အတူ ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ဇီးကုန်း-ကာဘိုး ကျေးလက်ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ရက်တွင် ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ ရွှေဘိုခရိုင် ဥက္ကဋ္ဌနှင့် အလှူရှင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အဆိုပါလမ်းကို စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ပံ့ငွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေနှင့် ဇီးကုန်း-ကာဘိုးကျေးရွာပြည်သူများ လှူဒါန်းငွေဖြင့်ဆောင်ရွက်ခဲ့ပြီး ကျေးလက်ကတ္တရာလမ်းမှာ အကျယ် ၁၂ ပေ၊ အရှည် ၅ မိုင် ၁ ဖာလုံရှိကြောင်း သိရသည်။

အလားတူ ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သည့် ပခုက္ကူမြို့နယ် ချိုင်ကျေးရွာနှင့် ကျတ်ထိုးကျေးရွာ စက်ရေတွင်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်တွင် အဆိုပါ စက်ရေတွင်း ဖွင့်ပွဲမုခ်ဦး၌ကျင်းပရာ ပခုက္ကူမြို့နယ် ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးသန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ချိုင်ကျေးရွာ စက်ရေတွင်းမှာ တွင်းအရွယ်အစားနှစ်လက်မ ØPVC ၊ အနက်ပေ ၄၅၀ ရှိပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၉ ဒသမ ၆သိန်း အကုန်အကျခံ တူးဖော်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကျတ်ထိုးကျေးရွာ စက်ရေတွင်းမှာ တွင်းအရွယ်အစား နှစ်လက်မ ØPVC၊ အနက်ပေ ၃၈၀ ရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၃၁ ဒသမ ၅ သိန်းဖြင့် အကုန်အကျခံ တူးဖော်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် မြေစွန်းကျေးရွာအုပ်စု မြေစွန်း (အရှေ့) ကျေးရွာ လေးလက်မ ØGI စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်တွင် အဆိုပါ စက်ရေတွင်းသစ်ဖွင့်ပွဲ မုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန်းဦးတို့က စက်ရေတွင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းစက်ရေတွင်းမှာ(၁၄)ကြိမ်မြောက်အလှူရှင်စက်ရေတွင်းဖြစ်ပြီး ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ ငွေကျပ်သိန်း ၂၀ နှင့် အလှူရှင်များက ငွေကျပ်သိန်း ၂၂၀ စုစုပေါင်း ငွေကျပ်သိန်း ၂၄၀ ဖြင့် တူးဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော မင်းလမ်းအပိုင်း(၂) ကတ္တရာထပ်ပိုးလွှာ လမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်တွင် ကျင်းပရာ ရွှေကျင်မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဦးနှင့် အမှုဆောင်အရာရှိ ဦးဝင်းလှိုင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါမင်းလမ်းအပိုင်း(၂)ကတ္တရာထပ်ပိုးလွှာလမ်းခင်းခြင်းကို စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၄၂၅၈၅၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် သစ်ရာကောက်-မြင်စိုင်း ဂဝံလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်တွင် အဆိုပါ ဂဝံလမ်းသစ်ထိပ်၌ ကျင်းပရာ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ထွန်း၊ မကွေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်ကျော်ညွှန့်နှင့် သစ်ရာကောက်ကျေးရွာဥက္ကဋ္ဌတို့က ဂဝံလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မကွေးခရိုင်ဥက္ကဋ္ဌ ဦးမင်းအေးလွင်က သစ်ရာကောက်-မြင်စိုင်း ဂဝံလမ်းသစ်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ဂဝံလမ်းသစ်သည် အရှည် ၂ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၇၇၀၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ညောင်ပင်ရပ်ကွက် ပတ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးကိုကိုထွေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျောက်ချောလမ်းသစ်သည် အရှည်ပေ ၃၅၅၀၊ အကျယ် ၁၂ ပေရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၁၅ ဒသမ ၂၀၂ သန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဖန်ချက်စက်ရုံလမ်းနေ နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးသောင်းဌေး-ဒေါက်တာယဉ်ယဉ်ကြူ၊ သား မောင်မင်းခန့်နှစ်နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် တစ်နေ့လုံးစာအထူးအာဟာရအတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်ပညာရေးတက္ကသိုလ်၏(၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို တက္ကသိုလ်များခမ်းမရုံ၌ ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ အပူဇော်ခံဆရာကြီး၊ ဆရာမကြီး ၂၆၇ ဦးရှိပြီး ပညာရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုးက မြတ်ဆရာတို့၏ဂုဏ်ကို ရည်စူး၍ အမှာစကားပြောကြားသည်။ ပူဇော်ပွဲကော် မတီဥက္ကဋ္ဌ ဦးအုန်းမြင့် **(အောက်ပုံ)**က ပူဇော်ပွဲကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

တပည့်အပေါင်းက မြတ်ဆရာအသက်(၈၅)နှစ်အထက်ကို ငွေကျပ်တစ်သိန်းခုနစ်သောင်း၊ အသက်(၇၅)နှစ်မှ (၈၄)နှစ်ထိ တစ်သိန်းသုံးသောင်း၊ အသက်(၆၀)မှ (၇၄)နှစ်ထိ ငွေကျပ်ရှစ်သောင်းခွဲစီ အသက်အပိုင်းအခြားအလိုက် ခွဲခြား၍ အလှူငွေကျပ် ၂၆၄ သိန်းငါးသောင်း လှူဒါန်းသည်။ ပူဇော်ပွဲရန်ပုံငွေမှ ပညာရေးတက္ကသိုလ်တွင် အသုံးပြုရန် ကွန်ပျူတာနှစ်လုံးကိုလည်း လှူဒါန်းပြီး ကမ္ဘောဇဘဏ်ကလည်း ငွေကျပ် ၂၆၇သိန်းကို ဆရာကြီး၊ ဆရာမကြီးများအားပူဇော်ကန်တော့ရန် ဖြစ်မြောက်ရေးကော်မတီသို့ ပေးအပ်သည်။

ပူဇော်ပွဲတွင်(၇၄) ပညာရေးဘွဲ့ရသူများက ပညာရေးတက္ကသိုလ်တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူ ၂၆ ဦးကို ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်း ပညာသင်ဆုငွေကျပ်သိန်း ၂၀ ချီးမြှင့်ကြပြီး ပြင်ပအလှူရှင် နှစ်ဦးက ကွန်ပျူတာနှစ်စုံနှင့် ငွေကျပ်နှစ်သိန်း လှူဒါန်းကြောင်း သိရှိရသည်။ (ကြေးမုံ)



တမူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် နန်မွန်းတား - ခမိတ်ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းဆောင်ရွက်နေမှုကို အငယ်တန်းအင်ဂျင်နီယာ (၂) ဦးကျော့မောင်မောင်နှင့် အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်တို့ ကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

တောင်သာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

တောင်သာမြို့နယ်အသင်း(ရန်ကုန်)၏ (၂၇)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက်(စနေနေ့) နံနက် ၁၀နာရီခွဲတွင် ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ စက်မှုမွေးရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်းနှင့်တောင်သာမြို့နယ် မဂ္ဂဇင်းကိုလည်း ဖြန့်ချိမည်ဖြစ်ကြောင်း သိရှိရသည်။

(ကြေးမုံ)

ရေဖြန့်ဝေပေးမှု စစ်ဆေး

ပူတာအို ဖေဖော်ဝါရီ ၅

ပူတာအိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေတင်စက်မှ မြို့ပေါ်ရပ်ကွက်များသို့ ရေဖြန့်ဝေပေးနေမှုကို ဖေဖော်ဝါရီ ၁ ရက်က အမှုဆောင်အရာရှိ ဦးဂွန်စယ်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးစိန်မြမိုးက ရေဖြန့်ဝေပေးနေမှုကို ရှင်းလင်းတင်ပြခဲ့သည်။

(မြို့နယ်စည်ပင်)

အထက(၁)ဒဂုံ (၁၉၇၅-၂၀၁၀) ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

အထက(၁) ဒဂုံ၌ ၁၉၇၅ မှ ၂၀၁၀ ခုနှစ်အထိ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ရာ အလှူငွေများကို သီရိမာ(၇၈) ဖုန်း-၀၉-၅၀၂၁၂၄၁၊ ဇော်မင်းဦး (၈၆) ဖုန်း-၀၉-၅၀၀၂၅၇၁၊ ဝင်းစန္ဒာကြီး (၈၆) ဖုန်း-၀၉-၅၁၈၉၂၀၀၊ ကျော်စွာဝင်း (၉၀) ဖုန်း-၀၉-၅၁၁၂၃၃၊ အောင်ကိုကို (၉၀) ဖုန်း-၀၉ - ၅၄၀၄၅၄၅၊ အောင်သူထွန်း (၉၀) ဖုန်း-၀၉-၈၆၁၄၈၀၀၊ လှမျိုးထွန်း(၉၀)ဖုန်း-၀၉-၅၀၆၂၈၅၀၊ ချိုလေးလွင် (၉၁) ဖုန်း-၀၉-၄၉၂၁၂၅၅၀၊ အေးအေးမျိုး (၉၇)ဖုန်း-၀၉-၅၀၃၄၈၇၆၊ သားစိုး(၉၇) ဖုန်း-၀၉-၅၁၄၀၂၁၀၊ ကျော်သူစိုး(၉၉) ဖုန်း-၀၉-၈၆၁၃၆၉၆၀ နှင့် ရဲမင်းလွင်(၀၂)ဖုန်း-၀၉-၅၅၀၄၅၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇) အမှတ်(၆)ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၅

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇)အမှတ်(၆)၌ မုတ္တမကွေ့ မြန်မာနိုင်ငံ၏ ဒုတိယမြောက် ရေတိမ်ဒေသဖြစ်လာရန်ရှိ၊ တရားမဝင် ပြည်ပအလုပ်အကိုင်အေးဂျင့် ၂၀ကျော်ကို ဖမ်းဆီးထား၊ အေအာတီဆေး အခမဲ့ ထောက်ပံ့မည်၊ ဒီဗွီဒီဇာပေါက်တယ်လို့ အကြောင်းကြားရင် သတိထား၊ ရေယာဉ်များ ခွင့်ပြုချက်မရှိဘဲ လက်နက်ကိုင်ဆောင်က ၁၀ နှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်မည်၊ ကိတ်မုန့်နှင့် ဓားလှီးမုန့်စားမယ်ဆို သတိထား၊ အထူးစီးပွားရေးဇုန်ကြောင့် ထားဝယ်ရှိ အိမ်ခြံမြေများ ၁၀ ဆခန့် စျေးတက်၊ မြန်မာ 4WD ကားများကို ဘင်္ဂလားဒေ့ရှ်က ဝယ်ယူမည်၊ ယခုလအတွင်း မိုးရွာဦးမည်၊ ဝန်ထမ်းအယောင်ဆောင်ကာ တယ်လီဖုန်းပါမစ်အကြောင်းပြ ငွေလိမ်လည်၊အိမ်ခြံမြေဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုများပြားလာ၊ စင်ကာပူပညာရေးပြပွဲကြီးတွင် ပညာသင်ထောက်ပံ့ကြေးများ လျှော့ထားနိုင်၊MC Will အင်တာနက်လိုင်းများ သုံးရက်နှင့်အပြီးချပေးမည်၊ ကိုယ်ကျင့်တရားကောင်းခြင်း၊ သူတို့မှာ မျက်ရည်စတွေနဲ့၊ နက္ခတ်သိပ္ပံအဖွဲ့မှ အမှုဆောင်အရာရှိချုပ် ဦးဇေယျာကိုနှင့် တွေ့ဆုံခြင်း၊ အယ်ဒီတာ့ထံပေးစာ၊ ပြည်ထောင်စုနေ့ အထူးဆောင်းပါး၊ ညီညွတ်ခြင်းဟူသည်၊ ခွဲခြားနှိုင်းယှဉ်စရာ၊ ပထမအကြိမ်လွှတ်တော် သုံးရပ်လုံး အစည်းအဝေးများ တစ်ပြိုင်နက်ကျင်းပခဲ့စသည့် ဖတ်စရာမှတ်စရာသတင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

"ယူရိုငွေကြေး မပြိုလဲရေးကို ကာကွယ်ပေးဖို့လိုတယ်" စီးပွားရေးပညာရှင် နူရီယယ်ရူဘီနီနှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံခြင်း၊ အိန္ဒိယနှင့် တရုတ်တို့က အမေရိကန်ကို အမီလိုက်လာပြီဟု သမ္မတဘာရက်အိုဘားမား သတိပေးပြောကြား၊ ခုနစ်နှစ်သားငယ်က ထရပ်ကားမောင်းပြိုင်ပွဲဝင်၊ အမေဇုန်မိုးသစ်တောထဲမှ ကမ္ဘာ့နောက်ဆုံး မျိုးနွယ်စု မျိုးသုဉ်းပျောက်ကွယ်မှုအရေးနှင့် ရင်ဆိုင်နေရ၊ မော်စကိုလေဆိပ် အသေခံဗုံးခွဲသူအား ဖော်ထုတ်နိုင်ပြီ၊ မနီလာမြို့တွင် ခရီးသည်တင်ဘတ်စ်ကား ဗုံးခွဲတိုက်ခိုက်ခံရ၊ တရုတ်လုပ်သားများ လစာနှစ်ဆတိုး၊ အိန္ဒိယနှင့် အင်ဒိုနီးရှားတို့က ပမာဏများပြားလှသော စီးပွားရေးသဘောတူညီမှုပြု၊ အရင်းရှင်ဝါဒအလွန်က ပိုမိုကောင်းမွန်သည့် သဘာဝကိုရှာဖွေခြင်း၊ အသက်ရှည်ရှည်နေလိုပါက ထိမ်းမြားလက်ထပ်ပါ စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House မှ မြန်မာပြည်တစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ဗိုလ်တထောင်မြို့နယ် အမက(၆)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် တတိယတန်း၌ ပထမဆုရ မောင်ရဲမင်းဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်မြင့် ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

အိမ်ကွင်း၌ ဧယျာဝတီရွှေမြေ ဂိုးပြတ်အနိုင်ရ

မုံရွာ ဖေဖော်ဝါရီ ၅

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၄)ကို ယနေ့ညနေပိုင်းက မုံရွာကွင်း၊ ဗထူးကွင်း၊ သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌အသီးသီးကျင်းပရာ ဧယျာဝတီရွှေမြေနှင့် ဧရာဝတီယူနိုက်တက်တို့ နိုင်ပွဲများရရှိခဲ့ကြပြီး ရတနာပုံနှင့်မကွေး၊ နေပြည်တော်နှင့် Southern တို့သရေပွဲများဖြစ်သွားသည်။

(မုံရွာကွင်း)

ဧယျာဝတီရွှေမြေ - လေးဂိုး
(စိုးမြတ်သူနှင့် ဗစ်တာ)
ကမ္ဘောဇ - တစ်ဂိုး
(အေးဆန်း)

ရန်ကုန်ယူနိုက်တက်ကို ရှုံးနိမ့်ပြီးအမှတ်ပေးဇယားအလယ်လောက်ကို ရောက်သွားသည့်ဧယျာဝတီရွှေမြေအသင်းမှာ အိမ်ကွင်းတွင် ခြေစွမ်းပြပြီး ဂိုးပြတ်နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့သည်။ ကမ္ဘောဇအသင်းနှင့် ဧယျာဝတီရွှေမြေအသင်းတို့တွေ့ဆုံတိုင်း ရလဒ်ပြတ်သားလေ့မရှိသော်လည်း ယခုပွဲတွင် ဧယျာဝတီရွှေမြေအသင်း ဂိုးပြတ်အနိုင်ရသွားခြင်းလည်းဖြစ်သည်။

နိုင်ပွဲရရှိရေးအတွက် နှစ်သင်းစလုံးလူစုံထုတ်ကစားခဲ့ကြပြီးပွဲမှာ အပြန်အလှန်ရှိခဲ့သည်။ ပွဲအစလေးမိနစ်တွင် စိုးမြတ်သူက အိမ်ရှင်အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ၁၆မိနစ်တွင် ဗစ်တာက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ နှစ်ဂိုးပေးလိုက်ရ၍ ကမ္ဘောဇအသင်းကစားအားပြန်တင်လာပြီး ၅၄မိနစ်တွင် အေးဆန်းက ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူခဲ့သည်။ ကမ္ဘောဇအသင်း သရေရရန် ကစားအားထပ်မြှင့်လာသော်လည်း မိနစ် ၈၀တွင် အီတလီနိုင်ငံသား ဗစ်တာနှင့် ၈၈မိနစ်တွင် စိုးမြတ်သူတို့က ဧယျာဝတီရွှေမြေအတွက် အနိုင်ဂိုးများသွင်းယူသွားသည်။

(ဗထူးကွင်း)

ရတနာပုံ - နှစ်ဂိုး
(အက်စလေနှင့် ရဲကိုဦး)
မကွေး F.C - နှစ်ဂိုး
(ရှိဒရီဂူနှင့် အဘိုလာဂျီ)

(သုဝဏ္ဏကွင်း)

Southern Myanmar - တစ်ဂိုး
(ဘီဂျိမ်းထွေး)
နေပြည်တော်-တစ်ဂိုး(ဇော်လင်း)

(အောင်ဆန်းကွင်း)

ဧရာဝတီယူနိုက်တက် - သုံးဂိုး
(ချက်ဝူ၊ ဂွန်နှင့် ဂျူပီတာ)
မနောမြေ-တစ်ဂိုး
(ဂျိမ်းစ်)

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

ရက္ခပူရယူနိုက်တက်-ရန်ကုန်ယူနိုက်တက်

(အောင်ဆန်းကွင်း)

ဇွဲကပင်ယူနိုက်တက်-ဉဿာယူနိုက်တက်

သတင်းမှတ်စုနှင့် ဓာတ်ပုံ-ရှိုင်းထက်ဇော်

ဧယျာဝတီရွှေမြေအသင်းနှင့် ကမ္ဘောဇတို့ ယှဉ်ပြိုင်စဉ်။

ပဲခူးကြခတ်ဝိုင်းဆရာတော်ကြီး၏ အန္တိမစျာပနသာဓုကီဠနပူဇာသဘင်နှင့် သရီရဓာတ်ပြာတော်များ ရေမျှောပူဇော်ပွဲကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၅

နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သီရိမင်္ဂလာကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇောတိပါလဆရာတော်ကြီး၏ အန္တိမစျာပနပူဇာသဘင်ကို ဖေဖော်ဝါရီ ၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီခွဲတွင် ဆင်ယင်ကျင်းပ၍ မွန်းလွဲ ၁ နာရီတွင် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ကြခတ်ဝိုင်းကျောင်းတိုက်မှ ရွှေအောင်ရွှေးစေတီတော်ဘုရားကွင်းသို့ ပင့်ဆောင်ကာ အန္တိမစျာပနသာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော်များအား ပဲခူးမြို့မှ ဝေါမြို့နယ် စစ်တောင်းတံတားသို့ အခမ်းအနားဖြင့် စတင်ပင့်ဆောင်ပြီး ညနေ ၃ နာရီခန့်တွင် ရေမျှောပူဇော်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်ပိုင်းစွန်းဒေသများ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့်ရခိုင်ပြည်နယ်တို့ တွင်တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်တွင်ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၁) ဒီဂရီစင်တီဂရိတ်၊ မိုးကုတ်မြို့နှင့်လားရှိုးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီနှင့် နမ့်စန်မြို့၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့နှင့်ပြည်ဦးလွင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲအချိန်တိုင်းထွာချက်များအရဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံကမ်းခြေအနီးတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည်ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဖေဖော်ဝါရီ ၆ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးတွင်နေရာကွက်ကျားမိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင်အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမက(၁) ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်းက အမှာစကားပြောကြားသည်။

ယင်းနောက် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးရဲမြင့်က ဂုဏ်ပြုစကားပြောကြားပြီး အဆိုပါကျောင်းမှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုရ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ (သတင်းစဉ်)

ပေးအပ်ချီးမြှင့်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ကြီးဦးစိုးမင်း သူငယ်တန်းတွင် ဘာသာစုံ ပထမဆုရ မောင်လရောင်သီဟအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဇန်နဝါရီလအတွက် ဘာကလေဆု ဖာဂူဆန်နှင့် ဘာဘာတော့ဗ်တို့ရရှိ

မန်ချက်စတာ ဖေဖော်ဝါရီ ၅

ဇန်နဝါရီလအတွက် တစ်လတာ ဘာကလေအကောင်းဆုံးနည်းပြဆုကို မန်ယူမန်နေဂျာဖာဂူဆန်နှင့် အကောင်းဆုံးကစားသမားဆုကို မန်ယူတိုက်စစ်မှူး ဘာဘာတော့ဗ်တို့ ရရှိသွားသည်။

ယခုနှစ်ဘောလုံးရာသီ၌ နည်းပြဖာဂူဆန်၏ ဦးဆောင်မှုအောက်တွင် မန်ယူအသင်းသည် ပွဲစဉ်(၂၅)ပြီးသည်အထိရှုံးပွဲမရှိသေးဘဲ အမှတ်ပေးဇယားထိပ်ကို ဦးဆောင်ထားနိုင်သည်။ ပြီးခဲ့သည့် ဇန်နဝါရီလကလည်း ငါးပွဲတွင် လေးပွဲတိတိ အနိုင်ရအောင်စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ဖာဂူဆန်အနေဖြင့် ဤဆုကိုရရှိခြင်းဖြစ်သည်။ ထို့ပြင်ဖာဂူဆန်၏ မန်နေဂျာသက်တမ်းတစ်လျှောက်တွင် (၂၅)ကြိမ်မြောက်ရရှိခြင်းကြောင့် ပရီမီယာလိဂ်မန်နေဂျာများတွင် ပြိုင်ဘက်မရှိသည့် နည်းပြတစ်ဦးဖြစ်လာခဲ့သည်။

ဘာဘာတော့ဗ်အနေဖြင့် ဇန်နဝါရီလအတွင်း မန်ယူအတွက် ငါးဂိုးတိတိ သွင်းပေးထားပြီး အသင်းဖော်များဂိုးရအောင် ဖန်တီးပေးမှုများလည်း ရှိခဲ့သည်။ ၎င်းသည် ဘာကလေအကောင်းဆုံးဆုကိုမန်ယူအသင်းကစားသမားဘဝဖြင့်ပထမဆုံးရရှိခြင်းဖြစ်သော်လည်း ၂၀၀၇ခုနှစ် စပါးတွင်ကစားခဲ့စဉ်ကတစ်ကြိမ် ရရှိခဲ့ဖူးသေးသည်။ ***အင်တာနက်။***

ပရီမီယာလိဂ်ပွဲစဉ်(၂၆)ရလဒ်များ

စတုတ်စီးတီး	၃-၂	ဆန်းဒါးလန်း
နယူးကာဆယ်	၄-၄	အာဆင်နယ်
စပါး	၂-၁	ဘော်လ်တန်
မန်စီးတီး	၃-၀	ဝက်စ်ဘရွန်း
ဗီလာ	၂-၂	ဖူလ်ဟမ်
ဝီဂန်	၄-၃	ဘလက်ဘန်း
အဲဗာတန်	၅-၃	ဘလက်ပူးလ်

နိုင်ငံတကာ အားကစားသတင်းများ

ဇန်နဝါရီလအတွက် ဘာကလေအကောင်းဆုံးဆုရ ဘာဘာတော့ဗ်နှင့် ဖာဂူဆန်။

ဟာနန်ဒိုတောရက်စ်၏ ဂျာစီများ ရောင်းအားသွက်

လန်ဒန် ဖေဖော်ဝါရီ ၅

ချယ်လ်ဆီးအသင်းသို့ ပေါင်သန်း ၅၀ ဖြင့်ရောက်ရှိလာသည့် ဖာနန်ဒိုတောရက်စ်၏ နံပါတ်(၉)ဂျာစီများမှာ ရောင်းအားသွက်လျက်ရှိကြောင်းသိရသည်။ ဖာနန်ဒိုတောရက်စ်၏ ဂျာစီများ ရောင်းအားသွက်နေမှုကို အင်္ဂလန်မီဒီယာများက ပိုက်ဆံရိုက်ထုတ်နေသကဲ့သို့ဟု တင်စားသုံးနှုန်းခဲ့ကြသည်။ ၎င်း၏ ဂျာစီ ရောင်းအားမှာ လီဗာပူးတွင်ရှိစဉ် ရောင်းအားထက် ၄၀ ရာခိုင်နှုန်း ပိုမိုသည်ဟုဆိုသည်။ ***အင်တာနက်။***

ဟန်သစ်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၂-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
၈း၀၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၀ ၈။ အကပြိုင်ပွဲ
၈း၂၀ ၉။ "မေတ္တာရေအမြင့်တင့်လေသည့်ရွှေကြာ"
၈း၃၀ ၁၀။ (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀ ၁၁။ International News
၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၁၄)**
၁၂း၁၀ ၅။ Golf Magazine (TV)
၁၂း၂၀ ၆။ မြန်မာရုပ်ရှင် "နော်ရင်မွှေး" (နေအောင်၊ စိုးသူ၊ ဇင်ဝိုင်း၊ စိုးမြတ်သူဇာ၊ ခင်ဇာခြည်ကျော်) (ဒါရိုက်တာ-အောင်စိုးဦး)
၂း၃၅ ၇။ (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၂း၄၅ ၈။ International News
၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅ ၁။ Myanmar National League MNL Grand Royal (2011) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရက္ခပူရယူနိုက်တက် FC နှင့် ရန်ကုန်ယူနိုက်တက် FC)
၅း၄၅ ၂။ (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၁၅ ၄။ မိုးလေဝသအခြေအနေ
၆း၂၀ ၅။ **ကာတွန်းအစီအစဉ် "ကွမ်တမ်မင်း"(အပိုင်း-၈)**
၆း၄၀ ၆။ **တစ်မျက်နှာတစ်ကွက်စာ "ပီတိစိမ်း" (သူရလင်း) [ဒါရိုက်တာ-တင်မောင်အေး (တစ်ပါးသီလ)]**
၇း၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ" (အပိုင်း-၂၀)**
၈း၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ "ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ" အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု
၁၂။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၉၇)**
၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကွန်ဖူးချစ်သူ" (အပိုင်း-၄)**
၁၄။ "ရင်လှိုင်းခတ်သံ တေးသီဟန်"
၁၅။ အစီအစဉ်ပြီး၏။

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု

ကျော်ရဲမင်း၏

"အားကောင်းမောင်းသန် ခြေလှမ်းမှန်စွာ ဒီမိုကရေစီကျင့်စဉ်နှင့်အညီသာ"

ဆောင်းပါး-စာမျက်နှာ (၈၊၉)

မြင့်မိုရ်ဦး(ပဲခူး)၏

"ချစ်ခြင်းတရား ချစ်ခြင်းများနှင့် နှလုံးသားထဲက ပြည်ထောင်စု"

ကဗျာ-စာမျက်နှာ (၈)

လင်းမြတ်၏

"နိုင်ငံအချုပ်အခြာအာဏာတည်တံ့ခိုင်မြဲဖို့"

ကာတွန်း-စာမျက်နှာ (၉)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကချင်ပြည်နယ်

ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင် ကချင်ပြည်နယ်တစ်ခွင်

ကချင်ပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြောက်ဘက်အကျဆုံးအပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၃၄၃၇၉ ဒသမ ၂၂မိုင် ကျယ်ဝန်းသည်။ ကချင်၊ ဗမာ၊ ချင်း၊ ရှမ်း၊ နာဂ စသည့် တိုင်းရင်းသားပေါင်းစုံ အေးအတူပူအမျှ အတူတကွ စုပေါင်းနေထိုင်ကြသည်။ တောတောင်ထူထပ်သော ပြည်နယ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ထိပ်များဖြစ်သော စာမျက်နှာ ၆ ကော်လံ ၁ သို့ ◆

ဘင်္ဂလားပင်လယ်အော်ရှိ လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၅

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံကမ်းခြေအနီး၌ ဖြစ်ပေါ်နေခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)